သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၂၆ ရက်၊ စနေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၇)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စုံညီအစည်းအဝေးကျင်းပ

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးညောင်နှစ်ပင်စခန်း၌ဆက်လက်ကျင်းပ

အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးအကြံပြုစာတမ်းများဖတ်ကြားတင်ပြ

နိုင်ငံရေးပါတီများမှကိုယ်စားလှယ်အစုအဖွဲ့တွင်ပါဝင်သည့်နိုင်ငံရေးပါတီများကဆွေးနွေးအကြံပြု

ရန်ကုန် ဇွန် ၂၅

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ခုဖြစ်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က ယင်းတို့၏ ဆွေးနွေးအကြံပြုချက်စာတမ်းများကို အသီးသီးဖတ်ကြား တင်ပြကြသည်။

ကိုယ်စားလှယ်များတက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

ကယားပြည်နယ် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းများတိုးတက်ကောင်းမွန်ရေး ဖိဖိစီးစီးဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်သည်။ လမ်းနှင့်တံတားသည် နိုင်ငံ့အင်အားဖြစ်၍ နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံးတွင် လမ်းနှင့်တံတားများကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက် ရှိသည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ တစ်နိုင်ငံလုံး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ ၁၈၀ အထက် တံတားကြီး ၁၇၂ စင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့က ခုနစ်စင်း၊ မြန်မာ့မီးရထားက ခြောက်စင်း စုစုပေါင်း တံတားကြီး ၁၈၅ စင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

မော်တော်ကားလမ်းအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ၂၁၄၈၃ မိုင်သာရှိခဲ့ရာမှ ယခုအခါ ၅၆၆၉၅ မိုင် အထိ တိုးချဲ့ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“လမ်းပန်းဆက်သွယ်မှုသည် တိုင်းပြည်ဖွံ့ဖြိုးမှုအတွက် အဓိကကျကြောင်း၊ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မှသာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟရခြင်း မဖြစ်စေလို၍ တံတားကြီးများ တည်ဆောက်နေရခြင်းဖြစ်ကြောင်း”

လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇွန်လ ၂၀ ရက်နေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမသို့ သွားရောက်၍ ကယားပြည်နယ်အတွင်းရှိ ကားလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းသို့ဆွေးနွေးရာတွင် အတွင်းရေးမှူး(၁)က “နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အတော်များများ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးရှိ လိုအပ်သည့်နေရာများ၌ အများအပြားတည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ယခုနှစ်မှစ၍ လမ်းနှစ်အဖြစ်သတ်မှတ်၍ လမ်းများ ချောမွေ့ကောင်းမွန် တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း၊ ကယားပြည်နယ်၌လည်း လမ်းများ တိုးတက်ကောင်းမွန်အောင် တာဝန်ရှိသူများက စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း” မှာကြားခဲ့သည်။

ကယားပြည်နယ်သို့ ဝင်ရောက်နိုင်သည့် လမ်းများအနက် မြောက်ဘက် ဝင်ပေါက်လမ်းများ ဖြစ်သည့် ၁၆ မိုင်၊ ၂ ဖာလုံရှိ ထီးစဲခါး–လွိုင်ကော်လမ်းနှင့် ၄၇ မိုင်၊ ၄ ဖာလုံရှိ ပင်လောင်း–လွိုင်ကော်လမ်း၊ အနောက်ဘက် ဝင်ပေါက်လမ်းများဖြစ်သည့် ၆၂ မိုင်ရှိ လွိုင်ကော်–ဆူးပြောင်းလမ်းနှင့် ၄၈ မိုင်ရှိ ဖားဆောင်း–မော်ချီးလမ်း၊ တောင်ဘက်ဝင်ပေါက်လမ်းဖြစ်သည့် ၇၅ မိုင်၊ ၄ ဖာလုံရှိ လွိုင်ကော်–ဖားဆောင်းလမ်း၊ အရှေ့ဘက်ဝင်ပေါက်လမ်းများဖြစ်သည့် ၄၉ မိုင်၊ ၇ ဖာလုံရှိ လွိုင်ကော်–တာတမော့လမ်း၊ မိုင် ၅၀ ရှိ ဖားဆောင်း–ဘီပီ ၁၃ လမ်းနှင့် ၂၇ မိုင်၊ ၃ ဖာလုံရှိ ဘောလခဲ–စွတ်ပိုင်လမ်း၊ လွိုင်ကော်–ရာဒို–လိပ်သို–တောင်ငူကားလမ်းများကောင်းမွန်ရေး လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပွင့်လင်းရာသီတွင် လမ်းများ အဆင့်မြှင့်နိုင်ရေးအတွက် ကြိုတင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ကယားပြည်နယ်၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်နယ်အုပ်ချုပ်ရေးတာဝန်ခံများ၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောက်လုပ်ရေးဝန်ထမ်းများက လမ်းများကို ဒေသဖွံ့ဖြိုးရေးအတွက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆–၆–၂၀၀၄

(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် (သောတာနုဂတသုတ်)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)မြန်မာစာ (မြန်မာမှုပညာအထူးပြု) (ခ)နာခံတော်ဝတ္ထု
၅း၃၀ ၉။ ကြည်နူးရှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လက်ကိုင်အိတ်ဒီဇိုင်း အဆန်းနဲ့အရမ်းကိုလှ”** (အပိုင်း–၁၆)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အမုန်တရားဘက်ကလှုပ်ရှားတေးသမား”**(အပိုင်း–၁၄)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

MYANMAR WOMEN’S DAY

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင်ကျင်းပ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် အရိပ်ရပင်စိုက်ပျိုးပေး

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ပံ့ပိုးကူညီမှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃)ရပ်ကွက် ကျန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ဦးဆောင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဒေါ်ခင်စောနှင်း၊ ဒေါ်ခင်ငွေးမြင့်၊ အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးနှင့်အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ဝန်ထမ်းများ စုစုပေါင်း ၁၀၀ ခန့်သည် လုပ်ငန်းခွင်မပျက် ကံ့ကော်၊ မယ်ဇယ်၊ ပိတောက်၊ ငုရွှေဝါ၊ ပုန်းညက်စသည့် အရိပ်ရသစ်ပင် ၆၀ ခန့်ကို စိုက်ပျိုးကြသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဒေါ်ခင်စောနှင်း၊ ဒေါ်ခင်ငွေးမြင့်၊ အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးနှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ဆေးပဒေသာပင်အတွက် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်လိုက်သည်။

(သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် လသာမြို့နယ် သွေးလွန်တုပ်ကွေးရောဂါနှင့် ကူးစက်ရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၂၂ ရက်က အမှတ်(၁)ရပ်ကွက် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို အမှတ်(၆)ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားစဉ်။ (၄၀၀)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ရောက်ရှိကြရာ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း ပိုင်းပြုပြင်မွမ်းမံမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လိုက်လံပြသရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြုပြင်ဆောင်ရွက်ဖွယ်ရာလိုအပ်ချက်များကို မှာကြားသည်။

လိုအပ်ချက်များမှာကြား

ဆက်လက်၍ မြန်မာမှုပညာရှင်များက ပင်လုံမြို့မဟာရဋ္ဌာဘိသာ မဂ္ဂီစေတီတော်အတွင်း ပူဇော်ထားရှိမည့် တံကဲပလ္လင်ကိုးခုနှင့် ကျောက်ဆစ်ဘုရားကိုးဆူ အဆိုပြုပုံစံငယ်နှင့် မြန်မာမှုလုပ်ငန်းများကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက စေတီတွင် တင်လှူပူဇော်မည့် အဆိုပြု ထီးတော်ပုံစံငယ်ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပင်လုံမြို့မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ကြည်ညိုသပ္ပာယ်ဖွယ် ဖူးတွေ့ရရေး လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပရဝဏ် သာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးသုံးစွဲမှုသည် ဖြေရှင်းဆောင်ရွက်နိုင်သည့်ကိစ္စတစ်ခုဖြစ် ဆေးဝါးကုသမှုပေးလျှင် လူတစ်ဦး၏ဘဝမှန်ကို တန်ဖိုးရှိလာအောင်ပြုလုပ်ပေးနိုင်

ရန်ကုန် ဇွန် ၂၆

၂၀၀၄ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်မှပေးပို့သော သတင်းလွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် အမြဲစွဲမြဲစွာ ကြုံတွေ့ဖြေရှင်းရမည့် ပြဿနာဖြစ်သည်ဆိုသော အယူအဆသည် လွန်စွာဆိုးရွားလှသည့် မှားယွင်းသော အယူအဆတစ်ခုပင်ဖြစ်သည်။ အမှန်မှာ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ဖြေရှင်းဆောင်ရွက်နိုင်သည့်ကိစ္စတစ်ခုဖြစ်ပြီး ဆေးဝါးကုသမှုပေးလျှင် လူတစ်ဦးတစ်ယောက်၏ ဘဝမှန်ကို တန်ဖိုးရှိလာအောင် ပြုလုပ်ပေးနိုင်သည့်အပြင် ဂုဏ်သိက္ခာပြန်လည် တိုးတက်ရရှိစေရန်လည်း ဆောင်ရွက်ပေးနိုင်ပါသည်။ ယခုနှစ်၌ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် ဆောင်ပုဒ်မှာ "ပြုစုကုသအောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ" ဖြစ်ပါသည်။ ၎င်းဆောင်ပုဒ်သည် အဆိုပါလွဲမှားသော အယူအဆကို ပကတိအခြေအနေမှန်အတိုင်း မြင်လာစေရန် ရည်ရွယ်ပြီး နောက်ဆုံးနှင့်ယုံကြည် စိတ်အချရဆုံး အထောက်အထားနှင့် သုတေသနများအပေါ် အခြေခံထားသောဆောင်ပုဒ်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ လူသန်းပေါင်းများစွာတို့သည် မူးယစ်ဆေးဝါးပြဿနာများ၏ ဆိုးကျိုးများကို တိုက်ရိုက် ထိတွေ့ခံစားလျက်ရှိရာ ထိုအထဲတွင် မူးယစ်ဆေးဝါး ကိုယ်တိုင်သုံးစွဲနေသူများသာမက ၎င်းတို့၏ မိသားစုများလည်း အပါအဝင် ဖြစ်ပေသည်။ ၎င်းတို့၏ ဘဝများအခြေပျက်ခြင်း၊ ကျန်းမာရေးချို့ယွင်းခြင်း၊ ပညာရေး ဆုံးခန်းတိုင် မရောက်ရှိခြင်း၊ လုပ်ငန်းများပျက်စီးခြင်း၊ မိသားစုပြိုကွဲပျက်စီးခြင်းများလည်းဖြစ်ခဲ့ရပါသည်။ မူးယစ်ဆေးဝါးပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်သူများနှင့် ၎င်းတို့၏ မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများအနေဖြင့် ၎င်းပြဿနာမှ ရှောင်ဖယ်ရန်းထွက်နိုင်ကြောင်းနှင့် လူတစ်ဦးချင်းစီ၏ အနေအထားနှင့် လိုအပ်ချက်များ အပေါ်မူတည်၍ ထိရောက်သော အကူအညီများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရရှိနိုင်ကြောင်း သိရှိရန်လိုအပ်ပါသည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့အနေဖြင့် မူးယစ်ဆေးဝါးအား အမှီသဟဲပြုနေရသည့် အကြောင်းရင်းများကို ကောင်းစွာ နားလည်သဘောပေါက်လာပြီဖြစ်ပါသည်။ မူးယစ်ဆေးဝါးအပေါ် အမြဲမှီခိုအားထားနေခြင်းသည် ဖြတ်မရအောင်စွဲလမ်းနေပြီး ဖြတ်ပြီးသူများလည်း အဖန်ဖန်ပြန်လည်သုံးစွဲနေကြသည်ဟု ကျွန်ုပ်တို့သိရှိထားကြပါသည်။ အခြားဖြေရှင်းရန်ခက်ခဲသည့် ကိစ္စရပ်များကဲ့သို့ပင် ပြဿနာရင်ဆိုင်နေရသူများအား လူနေမှုဘဝသာယာလှပရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာများ လျော့ပါးသွားစေရေးနှင့် ၎င်းပြဿနာများရှောင်ရှားရေး၊ မိသားစုအတွင်း ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရေး၊ ကလေးသူငယ်များအား ယုယစောင့်ရှောက်မှုများ တစ်ဖန်ပြန်လည်ရရှိလာစေရေးနှင့် နေရာထိုင်ခင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ဆောင်ကြဉ်းပေးခြင်းစသည့် ထိရောက်သောကြားဖြတ်ဟန့်တားဆောင်ရွက်မှုများဖြင့် ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ကျွန်ုပ်တို့သိရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုအား ပြုစုကုသပေးခြင်းသည် ရာဇဝတ်မှုဖြစ်ပွားခြင်း၊ သွေးကြောများမှတစ်ဆင့် ကူးစက်ဝင်ရောက်လာစေနိုင်သည့်ရောဂါများ အထူးသဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားစေနိုင်သည့် အန္တရာယ်အလားအလာများ လျော့ပါးသွားစေရန် အဖွဲ့အစည်းအသိုင်းအဝိုင်းများကို အထောက်အကူပြုသည့်အပြင် ကျန်းမာရေးပိုမိုကောင်းမွန်လာစေမှု၊ လူတစ်ဦးချင်းနှင့် မိသားစုများအား စွမ်းရည်ပိုမိုတိုးတက်ကောင်းမွန်လာစေမှုနှင့် အရည်အသွေးပိုမိုတိုးတက်လာစေမှုများမှ လိုလားတောင်းတသည့်အခွင့်အလမ်းများရရှိအောင် ဆောင်ကြဉ်းပေးရာတွင် အထောက်အကူပြုစေနိုင်သည်ဟု ကျွန်ုပ်တို့သိရှိထားကြပါသည်။

ဆေးဝါးကုသပေးမှုသည် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်နွှယ်သည့် ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များ ဖြေရှင်းမှုကုန်ကျစရိတ် သက်သာစေသည်သာမက ဆေးဝါးကုသမှု၊ လူမှုရေးနှင့် မှုခင်းဆိုင်ရာ တရားစီရင်မှု ကုန်ကျစရိတ်များကိုပါ လျှော့ချကြောင်း မူဝါဒချမှတ်သူများအနေဖြင့် နှလုံးသွင်းထားရန်လိုအပ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုအား ပြုစုကုသရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ပီပီပြင်ပြင် အထောက်အကူပြုနိုင်ရန် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ (www. unodc. org)တွင် ရှင်းလင်းလွယ်ကူစွာ ရယူအသုံးပြုနိုင်ပြီဖြစ်ပါသည်။

ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခါသမယတွင် မူးယစ်ဆေးဝါးသုံးစွဲမှုပြုစုကုသရေးနှင့် ၎င်း၏ထိရောက်သော လုပ်ငန်းများနှင့် ပတ်သက်၍ ခိုင်မာသည့်အထောက်အထားသာဓကများကို ဆန်းစစ်ကြရန်နှင့် ထည့်သွင်းစဉ်းစားကြရန် မိမိအနေဖြင့် အားလုံးကိုဖိတ်ခေါ်လိုက်ပါသည်။ ပြုစုကုသအောင်မြင်မှုသည် မိမိတို့အားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပေသည်။ ။

(သတင်းစဉ်)

မူးယစ်အန္တရာယ် ပြည့်ရန်စွယ်

*** မူးယစ်အန္တရာယ် ပြည့်ရန်စွယ်ကို**
ဖယ်ရှားတိုက်ဖျက် လက်ချင်းဆက်စို့။

*** စိတ်ပြောင်းဉာဏ်ပြုန်း လူညွန့်တုံးစေ**
ဆွေစဉ်မျိုးဆက် သင်းနှိပ်စက်သမို့
အဖျက်ထိုရန် ဒို့တွန်းလှန်စို့
အမှန်တရား လက်ကိုင်ထားလျက်။

*** လူ့ဘဝသည် ရခဲဖြစ်ခဲ**
ကျင်လည်မြဲတည့် အမြဲလှပ
လူ့လောကတွင် အလှဖျက်ဘေး
မူးယစ်ဆေးနှင့် ဝေးဝေးနေကြ
ရှောင်ရှားကြ။

*** လှပဝေသော အပြောကျယ်စွ**
လူ့ဘဝကို ထွန်းပတန်ဆာ
နဝရတ်ဖြာအောင် အလှ္ဘာတပ်ဆင်
မြှင့်တင်ချင်က အလှဖျက်ဘေး
မူးယစ်ဆေးကို ဝေးဝေးဖယ်ကြ
ကျော်ခိုင်းကြ။

*** အသက်အိုးအိမ် စည်းစိမ်ကွယ်ပျောက်**
ကျွမ်းထိုးမှောက်လှန် မူးယစ်ဒဏ်ကြောင့်
ကံကြမ္မာရှုပ် ဇာတ်ထုပ်အလား
မမိုက်မှားနှင့် တရားကင်းဝေး
မူးယစ်ဆေးဒဏ် ကြုံတွေးချိန်ဆ
ရှောင်ကြဉ်ကြ။

*** ကိုယ့်သွေးကိုယ့်သား ရေလိုက်မှား၍**
သားကောင်မဖြစ်ရေး လမ်းပြပေးလော့
မူးယစ်ဆေးဝါး ဒို့မကြားလို
မူးယစ်ဆေးဒဏ် ဒို့မခံလို
တွန်းလှန်ပစ်ကြ ဆိတ်သုဉ်းပမှ
လောကတို့မြေ အလှဝေ၍
ပန်းတွေကုဋေကုဋာ ပွင့်လိမ့်မည်။ ။

လှဝင်း(ကြို့ပင်ကောက်)

ဘဂ္ဂဒက်မြောက်ဘက် မိုဆူးလ်မြို့တွင် ရဲတပ်ဖွဲ့အဆောက်အအုံများ အီရတ်ပြောက်ကျားတို့က ကားဗုံးများဖောက်ခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၂၄

မိုဆူးလ်မြို့တွင်ရှိသော ရဲတပ်ဖွဲ့အဆောက်အအုံများကို ကားဗုံးများဖောက်ခွဲတိုက်ခိုက်ခဲ့ရာတွင် လူ ၄၀ ထက်မနည်းသေဆုံးပြီး ၆၀ ဒဏ်ရာရသည်ဟု ရဲအဖွဲ့ကပြောကြားသည်။ အီရတ်ကြားဖြတ်အစိုးရသို့ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက အုပ်ချုပ်ရေးလွှဲပေးရန် ခြောက်ရက်အလိုတွင် ယခုကဲ့သို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထို့ပြင် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် ဘာကူဘာ၊ ဖော်လူဂျာ၊ ရာမာဒီနှင့် ဘဂ္ဂဒက်မြို့များတွင်လည်း တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။ ထိုသို့မြို့ကြီးငါးမြို့တွင် လုံခြုံရေးတပ်ဖွဲ့များအား ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအပါအဝင် ၆၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ မိုဆူးလ်မြို့၌ ကြီးမားသော ပေါက်ကွဲမှုကြီး ခုနစ်ကြိမ်ထက်မနည်းဖြစ်ပွားခဲ့ရာ ဒေသရုပ်မြင်သံကြားဌာနက ဒေသခံများအား နေအိမ်များ၌ နေကြရန် မှာကြားထားသည်။

ဆင်နွှဲ

ရဲအဖွဲ့က လမ်းမကြီးများအားလုံးကို ပိတ်ဆို့ထားလိုက်ပြီး နေဝင်ချိန်မှ နေထွက်ချိန်ထိ ညမထွက်ရအမိန့် ထုတ်ပြန်ထားသည်။ အမေရိကန်စစ်ဘက်ဆိုင်ရာက ပေါက်ကွဲမှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေပြီး သုံးဦးဒဏ်ရာရကြောင်း ပြောကြားသည်။ လုံခြုံရေးကုမ္ပဏီတစ်ခုကို သေနတ်သမားများ တိုက်ခိုက်ရာ၌ လုံခြုံရေး အစောင့်တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲအဖွဲ့ကို ခုခံတိုက်ခိုက်ရေးပြောက်ကျားများက မိုဆူးလ်မြို့အနှံ့တွင် တိုက်ပွဲများဆင်နွှဲလျက်ရှိသည်။ **(အင်တာနက်)**

ပျက်စီး

မိုဆူးလ်မြို့ ရဲစခန်းတစ်ခုရှေ့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲစခန်းအဆောက်အအုံ ပျက်စီးသွားသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဇနီးမောင်နှံ လုပ်ငန်းခွင်သို့ ကားဖြင့်အသွား လမ်းဘေးဗုံးပေါက်ကွဲထိမှန်သဖြင့် ဇနီးဖြစ်သူသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၄

ကာအေ့စ်ဆက်၌ အက်ဘတ်စ်သည် သူ၏ လက်ထပ်ပြီးစဇနီးဖြစ်သူနှင့်အတူ ဘဂ္ဂဒက်တွင် ဗုဒ္ဓဟူးနေ့က လုပ်ငန်းခွင်သို့ကားမောင်းသွားစဉ် လမ်းဘေးဗုံး ပေါက်ကွဲထိမှန်သဖြင့် ၎င်း၏ဇနီးဖြစ်သူနှင့် အနီးမှယောကျာ်းလေးတစ်ဦးတို့ သေဆုံးသွားသည်။

မိမိတို့၏ကား ဗုံးပေါက်ကွဲထိမှန်သွားကြောင်း ကျွန်တော်တွေ့မြင်ရသည့်သွေးများနှင့် ကျွန်တော့်၏ဇနီးသာဖြစ်ကြောင်း၊ ကျွန်တော့်ဇနီးမှာ အန္တရာယ်ရှိကြောင်း အက်ဘတ်စ်က ဆေးရုံ၌ ပြောကြားသည်။

ဒဏ်ရာရ

၎င်း၏ ဦးခေါင်းနှင့် ညာဘက်လက်တွင် ဒဏ်ရာများရထားသဖြင့် ပတ်တီးများစည်းထားသည်။ လက်ထပ်ခဲ့သည်မှာ နှစ်ပတ်သာရှိသေးသော ဇနီးဖြစ်သူ ကင်ဒီဆေးရုံ၌ သေနေပြီဆိုသည်ကို အက်ဘတ်စ်မသိဘဲ ရှိသည်။

ပြောက်ကျားများသည် အီရတ်တို့ထံ အုပ်ချုပ်ရေးလွှဲပေးခြင်းမပြုမီ တစ်ပတ်အလိုတွင် ရေနံအခြေခံ အဆောက်အအုံများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများကို ပြင်းပြင်းထန်ထန် ပြုလုပ်လာခဲ့ကြသည်။ သေဆုံးသူအများစုမှာ သာမန် အီရတ်အရပ်သားများသာဖြစ်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ခြင်းမပြုရန် ကြားဖြတ်အစိုးရကို အီရတ်ခုခံတိုက်ခိုက်ရေးအဖွဲ့ သတိပေး

ဒူဘိုင်း ဇွန် ၂၄

အီရတ်နိုင်ငံတွင် အရေးပေါ်အခြေအနေ ကြေညာသည့်ဥပဒေ ထုတ်ပြန်ခြင်းမပြုရန် အီရတ်ခုခံတိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များက ဝန်ကြီးချုပ် အီယက်ဒ်အလာဝီကို ဗုဒ္ဓဟူးနေ့၌ သတိပေးလိုက်သည်။

ထိုကဲ့သို့လုပ်ရပ်တွင် ပါဝင်ပတ်သက်သူ မည်သူကိုမဆို တိုက်ခိုက်သွားမည်ဟု အီရတ်ခုခံတိုက်ခိုက်ရေး ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များကိုယ်စား ဤရာဇဝတ်မှုကို လုပ်ဆောင်မည်ဆိုလျှင် မိမိတို့ဆန့်ကျင်သွားမည်ဟု သတိပေးကြောင်း၊ မိမိတို့သည် ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရတ်ခုခံတိုက်ခိုက်ရေး အုပ်စုက ပြောကြားသည်။

စဉ်းစားနေ

အီရတ်ကြားဖြတ်အစိုးရဝန်ကြီးချုပ် အလာဝီက အီရတ်အမျိုးသား လုံခြုံရေးကော်မတီသည် နိုင်ငံတွင်း၌ဖြစ်ပေါ်နေသော မတည်မငြိမ်ဖြစ်မှုများကို နှိမ်နင်းသွားရန်အတွက် အချို့ဒေသများတွင် အရေးပေါ်အခြေအနေ ဥပဒေကြေညာရန် စဉ်းစားနေကြောင်း ပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း
နိုင်ငံတကာ
သတင်းများ

အီရတ်ကို ကန်တို့စစ်ပွဲဆင်နွှဲသဖြင့် ဒေသတွင်းအခြေအနေပိုဆိုးခဲ့ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီမိုဟာမက်ပြောကြား

ဒမတ်စကတ် ဇွန် ၂၄

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီမိုဟာမက်သည် အီရတ်ကိုဆင်နွှဲသော အမေရိကန်စစ်ပွဲအား ဒမတ်စကတ်မြို့တွင် ဗုဒ္ဓဟူးနေ့က ပြစ်တင်ရှုတ်ချပြီး ယင်းသို့စစ်ပွဲဆင်နွှဲသည့်အတွက် ဒေသဆိုင်ရာအခြေအနေကို ပိုဆိုးစေခဲ့သည်ဟု ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်ဟောင်း မဟာသီသည် ဆီးရီးယားနိုင်ငံ၌ အလည်အပတ်ရောက်ရှိနေပြီး ၎င်းအား ဆာနာသတင်းဌာနက တွေ့ဆုံမေးမြန်းရာ၌ ထိုသို့ပြောဆိုခြင်းဖြစ်သည်။

အီရတ်ကို စစ်ပွဲဆင်နွှဲခြင်းသည် မှားယွင်းသော ခြေလှမ်းဖြစ်ကြောင်း ၎င်းက တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားသည်။အခြေအနေကို ပိုဆိုးစေမည်ဖြစ်သည့်အတွက် အီရတ်ကို စစ်ပွဲဆင်နွှဲခြင်းမပြုရန် အမေရိကန်သမ္မတဘုရှ်ထံ မိမိတို့ စာရေးပေးပို့ခဲ့ကြောင်း၊ မိမိတို့ပြောစကား မှန်ကြောင်းကို ယနေ့မြင်တွေ့နိုင်ကြောင်း မဟာသီက ပြောကြားသည်။

အီရတ်ကို စစ်ပွဲဆင်နွှဲသဖြင့် အီရတ်အစိုးရကို ဖြုတ်ချနိုင်သော်လည်း အီရတ်ကို မထိန်းချုပ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အီရတ်ပြည်သူများသည် ၎င်းတို့နိုင်ငံ လွတ်မြောက်ရေးအတွက် ခုခံတိုက်ခိုက်ကြမည်ဖြစ်ခြင်းကြောင့်ဖြစ်သည်ဟု မဟာသီက ပြောကြားသည်။

ဝန်ကြီးချုပ်ဟောင်း မဟာသီသည် နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲများအတွက် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်သို့ တနင်္လာနေ့က ရောက်ရှိလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မီးငြိမ်းသတ်

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် မီးလောင်နေသောအိမ်တစ်လုံးကို အီရတ်တို့ မီးငြိမ်းသတ်ရန် ကြိုးစားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိန်းသိမ်းထားသော ဗြိတိသျှတပ်ဖွဲ့ဝင်ရှစ်ဦး မကြာမီ လွှတ်ပေးမည်ဟု အီရန်နိုင်ငံ ပြောကြား

တီဟီရန် ဇွန် ၂၄

အီရန်နိုင်ငံသည်ရေယာဉ်သုံးစင်းနှင့်အတူ ဖမ်းဆီးထိန်းသိမ်းထားသော ဗြိတိသျှတပ်ဖွဲ့ဝင်ရှစ်ဦးကို မကြာမီလွှတ်ပေးမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ဖမ်းဆီးခဲ့

အီရန်အရာရှိများက မကြာမီလွှတ်ပေးမည်ဟုဆိုသော်လည်း ဗြိတိန်စစ်မှုထမ်းရှစ်ဦး အီရန်၌ ဖမ်းဆီးထိန်းသိမ်းခံထားရသည်မှာ သုံးရက်မြောက်ရှိပြီဖြစ်သည်။ အီရန်ရုပ်မြင်သံကြားက အဆိုပါဗြိတိသျှစစ်မှုထမ်းများအား ထုတ်လွှင့်ပြသရာ၌ မျက်နှာများကို အဝတ်များဖြင့်စည်းထားသည်ကို တွေ့ရသည်။ ၎င်းတို့အား အီရန်တပ်ဖွဲ့များက တနင်္လာနေ့၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှရေယာဉ်တပ်ဖွဲ့ဝင်များသည် အီရတ်နယ်စပ်တစ်လျှောက်ရှတ်အယ်လ်အာရပ် ရေကြောင်းလမ်းတွင် အီရန်ရေကြောင်းပိုင်နက်ထဲသို့ ဝင်ရောက်လာခဲ့ကြောင်း အီရန်နိုင်ငံက ပြောကြားသည်။ ဗြိတိန်နှင့် အီရန်နိုင်ငံတို့၏ ဆက်ဆံရေးသည် ချူကလီးယားစစ်ဆင်ရေးတွင် အီရန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ပြစ်တင်ရှုတ်ချခဲ့သဖြင့် ခပ်တန်းတန်း ဖြစ်ခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် မော်တော်ယာဉ်တစ်စီးနှင့်လှည့်လည်အောင်ပွဲခံနေသော ပြောက်ကျားများကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကန်တပ်ဖွဲ့ဝင်များ တရားစွဲဆိုခြင်းမှကင်းလွတ်ခွင့်ရရေး ဆုံးဖြတ်ချက်မူကြမ်း လိုအပ်သည့်မဲအရေအတွက်မရသည့်အတွက် ကန် ပြန်လည်ရုပ်သိမ်း

ကုလသမဂ္ဂ ဇွန် ၂၄

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာဆိုင်ရာ တရားစွဲဆိုခြင်းမှ အမေရိကန်တပ်ဖွဲ့ဝင်များအား ကင်းလွတ်ခွင့်ရရန် ကြိုးပမ်းသော ယင်း၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို ဗုဒ္ဓဟူးနေ့က ပြန်လည်ရုပ်သိမ်းလိုက်သည်။ ဆုံးဖြတ်ချက်မူကြမ်းကို ပြဋ္ဌာန်းနိုင်ရန်လိုအပ်သည့် မဲအရေအတွက်မရခြင်းကြောင့် ဖြစ်သည်။

အချိန်ကြာမြင့်စွာနှင့် သဘောကွဲသော အချေအတင်ဆွေးနွေးပွဲကိုရှောင်လွှဲရာတွင် ယခုအချိန်၌ အဆိုပါမူကြမ်းနှင့်ပတ်သက်၍ နောက်ထပ်မဆောင်ရွက်ရန် အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်လိုက်ပြီး အမေရိကန် သံအမတ်ကြီးက သတင်းထောက်များကို ပြောကြားသည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများကို ဗီတိုသုံးမည်ဟု တိတိကျကျ မခြိမ်းခြောက်သော်လည်း ကုလသမဂ္ဂ၏ အမိန့်အာဏာ သို့မဟုတ် ဆောင်ရွက်သည့် စစ်ဆင်ရေးများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်သည့်အခါ နိုင်ငံတကာဆိုင်ရာ ရာဇဝတ်တရားရုံးအပေါ်ထားရှိသည့် လုံခြုံရေးကောင်စီ၏ သဘောထားကို အမေရိကန်ပြည်ထောင်စုက အရေးယူဆောင်ရွက်ရန်လိုသည်ဟု သံအမတ်ကြီးက ပြောကြားသည်။

ဘုရှ်အစိုးရသည် နိုင်ငံတကာဆိုင်ရာ ရာဇဝတ်မှုတရားရုံးသစ်မှ ကင်းလွတ်ခွင့်အတွက် လုံခြုံရေးကောင်စီတွင် အနည်းဆုံးထောက်ခံမဲ ကိုးမဲရရန် လိုအပ်သော်လည်း ခုနစ်နိုင်ငံထက်မနည်းက ၎င်းတို့မဲမပေးဘဲနေမည့်လက္ခဏာများ ပြခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်အကျဉ်းသားကိစ္စနှင့် ကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု ဒတ်ချ်ဘဏ်၏ စတော့ဈေးကွက်၌ ထိခိုက်ခဲ့

ဝါရှင်တန် ဇွန် ၂၄

ကမ္ဘာတစ်လွှား ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများသည် ယခုနှစ်ပိုင်းအတွင်း နိုင်ငံအချို့၏ ပထဝီအနေအထားအရဖြစ်ပေါ်လာသော နိုင်ငံရေးတစ်နည်းအားဖြင့် ဘူမိနိုင်ငံရေးအခြေအနေများကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်နေရသည်။

ကမ္ဘာ့နာမည်ကြီး ဒတ်ချ်ဘဏ် တစ်ခုက စတော့ဈေးကွက်၌ လွန်ခဲ့သည့်လက ၎င်း၏ ထိခိုက်ရမှုအခြေအနေသည် အီရတ် အဘူဂါရိပ် အကျဉ်းသားပြဿနာနှင့် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ အသေအပျောက် မြင့်တက်လာမှုအနေအထားများကြောင့်ဖြစ်ကြောင်း ပြစ်တင်ပြောကြားခဲ့သည်။

အီရတ်နိုင်ငံမှာ ဖြစ်ပွားနေသော အကြမ်းဖက် မငြိမ်မသက်မှုများနှင့် ဆော်ဒီအာရေဗျနိုင်ငံ၌ ဖြစ်ပွားသည့် အကြမ်းဖက်မှုများက မရေရာ မတည်ငြိမ်မှုများကို ဖော်ပြနေကာ ရင်းနှီးမြှုပ်နှံသူများအတွက် အန္တရာယ်ပိုများလာသည်ကို ညွှန်ပြသလိုဖြစ်လျက်ရှိသည်။ လေ့လာသူတချို့က ယခုနှစ်ကုန်ပိုင်းအထိ အခြေအနေကောင်းလာဖွယ်မရှိသေးဘဲ အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ပွဲ ဆက်လက်ဆင်နွှဲနေသမျှ ရင်းနှီးမြှုပ်နှံသူများ၏ ဈေးကွက်အပေါ် ဘူမိနိုင်ငံရေးအခြေအနေများနှင့် အကျိုးသက်ရောက်မှု ဆက်လက်ဖြစ်ပွားနေဦးမည်ဟု ပြောကြားလျက်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်၌ ကန်စစ်ယာဉ်တန်း ဖြတ်သန်းစဉ် မိုးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂၃

ဘဂ္ဂဒက်မြို့ရှိ လူနေရပ်ကွက် တစ်ခုတွင် ယမန်နေ့က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးကာ အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ပေါက်ကွဲ

အမေရိကန်တပ်ဖွဲ့နှင့် အီရတ်ရဲတပ်ဖွဲ့ယာဉ်တန်းတစ်ခု ဖြတ်သန်းသွားပြီးနောက် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မလျော့နည်း

အီရတ်နိုင်ငံတွင် အချုပ်အခြာအာဏာလွှဲပြောင်းပေးရန် သတ်မှတ်ထားသည့်ရက်ရောက်ရှိရန် ရှစ်ရက်သာလိုတော့သည့်ကာလတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များနှင့် နိုင်ငံတွင်း၌ရှိသော နိုင်ငံခြားသားများအား အီရတ်လက်နက်ကိုင်များ၏ တိုက်ခိုက်မှုများသည် လျော့နည်းသွားမည့်ပုံမရှိကြောင်း သိရသည်။

သတ်ဖြတ်

အလားတူပင် ဘာကူဘာမြို့တွင် လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် အီရတ်အရပ်သားသုံးဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် မိုဆူးလ်တက္ကသိုလ် ဥပဒေပညာဌာနမှူးဖြစ်သူနှင့် ၎င်း၏ခင်ပွန်းဖြစ်သူတို့ကို တိုက်ခိုက်ရေးသမားများက သတ်ဖြတ်ခဲ့ကြသည်။

(စီအင်န်အင်န်)

အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးနောက် လုံခြုံရေးတိုးတက်မလာမချင်း ကုလဝန်ထမ်းများ အီရတ်သို့စေလွှတ်ရေး အချိန်ဆွဲထားမည်

ကုလသမဂ္ဂ ဇွန် ၂၃

ဇွန် ၃၀ရက်၌ အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးနောက်ပိုင်း လုံခြုံရေးတိုးတက်မလာမချင်း အီရတ်သို့ ကုလသမဂ္ဂဝန်ထမ်းများ စေလွှတ်ပေးခြင်းကို အချိန်ဆွဲထားမည်ဖြစ်ပြီး အကြမ်းဖက်မှု လျော့သွားသည့်အခါ လူအနည်းငယ်ကို အီရတ်၌ တာဝန်ချထားမည်ဟု ကုလသမဂ္ဂအရာရှိတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံသည် ကုလသမဂ္ဂအလုပ်သမား ၈၀၀ ကျော် အီရတ်သို့ ပြန်လည်သွားရောက်ရန် လုံခြုံမှုအလုံအလောက်မရှိကြောင်း အီရတ်နှင့် အခြားကိစ္စများဆိုင်ရာ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အကြံပေးပုဂ္ဂိုလ် အက်ဒ်ဝပ်မော်တီမာက ပြောကြားသည်။ ထို့ပြင် မော်တီမာက အီရတ်သို့ပြန်သွားမည့် အလုပ်သမားအရေအတွက်ကို ကန့်သတ်ရန် အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမိန့်ထုန်ပြန်ထားကြောင်းလည်း ပြောကြားသည်။

ဖော်ထုတ်ခဲ့

အီရတ်တွင် ဩဂုတ် ၁၉ရက်၌ ဗုံးမဖောက်ခွဲခင်က လိုအပ်သည်ထက် လူအများအပြား ပိုမိုရှိခဲ့ကြောင်း မိမိတို့သည် လုပ်ဆောင်ရမည့်နည်းလမ်းသစ်များကို ဖော်ထုတ်ခဲ့ကြောင်း၊ အေဂျင်စီအသီးသီးက ကိုယ်ပိုင်လုပ်ငန်းအဖွဲ့များ အီရတ်၌ ထားရှိမည့်အစား ပညာရေး၊ ကျန်းမာရေးနှင့် ဆိုင်သည့် အစုအဖွဲ့များ ဖွဲ့စည်းကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လူအနည်းဆုံးအရေအတွက်ကို ရရှိမည်ဖြစ်ကြောင်း မော်တီမာက ပြောကြားသည်။

တိုက်တွန်းထား

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇွန် ၈ရက်၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်တွင် အီရတ်၌ လုံခြုံရေးအခြေအနေတိုးတက်မှုရှိလျှင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ကုလသမဂ္ဂအတွက် ဦးဆောင်ကဏ္ဍကို အဓိပ္ပာယ်ဖွင့်ပေးထားသည်။ ယင်းဆုံးဖြတ်ချက်က ကုလသမဂ္ဂအလုပ်သမားများအား ကာကွယ်ရန်အတွက် နိုင်ငံခြားတပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းကို အခွင့်အာဏာပေးထားပြီး ဇန်နဝါရီ ၃၁ရက်၌ ရွေးကောက်ပွဲများကျင်းပရေးစီစဉ်မှုကို ကုလသမဂ္ဂက အကူအညီပေးရန် တိုက်တွန်းထားသည်။**(အင်တာနက်)**

အာရှပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်မှု တရုတ်ပြည်ဖွံ့ဖြိုးမှု၏ လိုအပ်ချက်ဟုဆို

ကျင်ဒါအို ဇွန် ၂၃

အာရှတွင် ဒေသပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းသည် ခေတ်သစ်၌ တရုတ်ပြည်၏ နိုင်ငံရေးမူဝါဒ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုသာမဟုတ်ဘဲ တရုတ်ပြည် ကိုယ်ပိုင်ဖွံ့ဖြိုးမှု၏ လိုအပ်ချက်လည်းဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က အင်္ဂါနေ့တွင် ပြောသည်။

တရုတ်ပြည်သည် လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး စီမံခန့်ခွဲမှုကို ကောင်းမွန်စွာဆောင်ရွက်လျက်ရှိကြောင်း၊ အာရှတွင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုဆောင်ရွက်လျက်ရှိကြောင်း အာရှပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲဆိုင်ရာ တတိယအကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဝမ်ကျားပေါင်က ပြောသည်။

စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းသည် အာရှစွမ်းအင်ဖူလုံရေးကို ကာကွယ်ရန်နှင့် နိုင်ငံအားလုံး စီးပွားရေးဖွံ့ဖြိုးမှု မြှင့်တင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် တရုတ်အစိုးရသည် ကျင်ဒါအို၏ ပထမခြေလှမ်းကို ထုတ်ပြန်ကြေညာရန်အတွက် တက်ကြွစွာ တွန်းအားပေးခဲ့ကြောင်း ၎င်းက ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ထိမှန်ပျက်စီး

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန် တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း ဒုံးကျည်ထိမှန်ခံရပြီး ပျက်စီးသွားသော အိမ်တစ်လုံးကို ဇွန် ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကျောက်မျက်ရတနာခန်းမ အလယ်ထပ်ဈေးပြိုင်ခန်းမ၌ ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆေးစွဲသူများ အဖိုးတန်လူ့ဘောင်အတွင်းပြန်လည်ဝင်ရောက်လာနိုင်ရေး အပြုသဘောဆောင်သော ထိရောက်သည့်နည်းလမ်းဖြင့်အချိန်ယူပြုစုကုသပါက မူးယစ်ဆေးဝါးကင်းစင်သောဘဝကို ကေန်ရောက်ရှိမည်ယုံကြည်

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် မူးယစ်ဆေးဝါး ပြဿနာအား ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးမှ ရင်ဆိုင်ဖြေရှင်းရေးအတွက် ချမှတ်ပေးလိုက်သော၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ဆောင်ပုဒ်မှာ (Drugs;Treatment Works) **"ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ"**ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တာဝန်ယူရေးဆွဲပြီး စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကျင့်သုံးရမည့် မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်နှင့် နည်းနိဿယ သုံးရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နည်းဗျူဟာသုံးရပ်တွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးဟူသော ကဏ္ဍသုံးရပ် ပါဝင်လျက်ရှိရာ၊ ယခုနှစ်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ချမှတ်ပေးသည့် (Drugs;Treatment Works) "ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ"ဟူသော ဆောင်ပုဒ်သည် မြန်မာနိုင်ငံ၏ သုံးစွဲမှုပပျောက်ရေးနည်းဗျူဟာနှင့် တစ်ထပ်တည်းတူညီနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါဆောင်ပုဒ်နှင့်အညီ ကျွန်ုပ်တို့မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ ဒေသအသီးသီးတွင် မူးယစ်ဆေးဝါး အလွဲသုံးစွဲမိသဖြင့် ဆေးစွဲသူဘဝရောက်ရှိနေသူများအား မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်သည့်ဘဝသို့ ပြန်လည်ရောက်ရှိအောင် ပြုစုကုသရေးဆောင်ရွက်ပေးကြရန် ယနေ့ ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေး နည်းဗျူဟာနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ရှေ့ပြည်သာနှင့် ရှေ့ပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးစခန်းနှစ်ခုကို ဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲသူများအား ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မကြာမီ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် တီးမကျေးရွာအနီးတွင် မူးယစ်ဆေးစွဲသူများအား ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် ရှေ့ပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းတစ်ခုကို ထပ်မံတိုးချဲ့ဖွင့်လှစ်ရေး စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အလားတူ လူမှုဝန်ထမ်းဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်၊ တိုင်းများတွင် ပြန်လည်ထူထောင်ရေးစခန်းခြောက်ခုဖွင့်လှစ်ပြီး ဆေးစွဲသူများအား ဆေးဝါးကုသခံယူပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ကျန်းမာရေးဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်၊ တိုင်းများတွင် မူးယစ်ဆေးစွဲသူများအား ကုသပေးရန်အတွက် ဆေးကုဌာနကြီး ၂၆ ခုနှင့် ဆေးကုဌာနငယ် ၄၀ တို့အား ဖွင့်လှစ်ပေးထားပြီး ဆေးကုသဌာနသီးခြားဖွင့်လှစ်ပေးနိုင်ခြင်းမရှိသည့် မြို့နယ်များတွင် သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူကုသပေးလျက်ရှိပါသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၏ ယခု နှစ်အတွက် ကမ္ဘာ့မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်းလုံး၌ မူးယစ်ဆေးဝါးသုံးစွဲသူ အရေအတွက်မှာ ၁၈၅သန်းခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာ့လူဦးရေ၏ ၃ ရာခိုင်နှုန်း သို့မဟုတ် အသက် ၁၅ နှစ်မှ ၆၄ နှစ်ထိရှိသူများ၏ ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး သုံးစွဲသူအရေအတွက်မှာ ၂၀၀၄ ခုနှစ် ဇန်နဝါရီလအထိ မူးယစ်ဆေးဝါးသုံးစွဲသူ အခြေခံစာရင်းကောက်ယူမှုအရ ၆၃၆၁၅ဦး ရှိပြီး ကျန်းမာရေးဦးစီးဌာန၏ မူးယစ်ဆေးစွဲ လူနာမှတ်ပုံတင်စာရင်းများအရ ၆၄၃၃၀ ဦး ဖြစ်ကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအလွဲသုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မလွဲမသွေ အောင်မြင်အောင် အကောင်အထည်ဖော်ရန် လိုအပ်နေကြောင်း သုံးသပ်ရပါသည်။

"မူးယစ်ဆေးဝါး အလွဲသုံးစွဲသူတစ်ဦးဖြစ်ခဲ့လျှင် အမြဲတမ်းဆေးသုံးစွဲသူသာ ဖြစ်မည်၊ လူကောင်းပကတိပြန်မဖြစ်နိုင်"ဟူသော မှားယွင်းသည့် အယူအဆကို ပယ်ဖျက်၍ ဆေးသုံးစွဲသူများ၏ဘဝကို အဖိုးထိုက်တန်သော လူ့ဘောင်အတွင်း ပြန်လည်ဝင်ရောက်လာနိုင်ရေးအတွက် အပြုသဘောဆောင်သော ထိရောက်သည့် နည်းလမ်းများဖြင့် အချိန်ယူပြုစုကုသပါက အောင်ပွဲရပြီး မူးယစ်ဆေးဝါးကင်းစင်သောဘဝကို ဧကန်ရောက်ရှိမည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်၍ တိုင်းရင်းသား ပြည်သူအားလုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၄ ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "Drugs; Treatment Works" ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း၍ မူးယစ်ဆေးစွဲသူများအား ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ၂၀၀၄ ခုနှစ်ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်အရိုင်း၊အထည်ကျောက်အရိုင်းနှင့်အသားကျောက် အရိုင်းတုံးများကို ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသသည့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ အလယ်ထပ်ဈေးပြိုင်ခန်းမ၌ ခင်းကျင်းပြသထားသော နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီများက ထုတ်လုပ်သည့် ထူးခြားကောင်းမွန်သော ကျောက်စိမ်းအထည်ကျောက်များကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြသ

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမမြေညီထပ်ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်မျက်အရောင်းဆိုင်များ၊ ပုဂ္ဂလိက ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမအပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများကိုလည်းကောင်း၊ ခန်းမအလယ်ထပ် ဈေးပြိုင်ခန်းမ၌ခင်းကျင်းပြသထားသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီများက ထုတ်လုပ်သည့် ထူးခြားကောင်းမွန်သော ကျောက်စိမ်းအထည်ကျောက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ ၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက်အထူးရောင်းချပွဲကျင်းပရေးဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

ထို့နောက် ဈေးပြိုင်ခန်းမ၌ ၂၀၀၄ ခုနှစ်ကျောက်စိမ်း၊ကျောက်မျက် အထူးရောင်းချပွဲ ကျင်းပရေးဗဟိုကော်မတီနာယကသတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ကျောက်မျက် အထူးရောင်းချပွဲနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇွန်လအတွက် နောက်ဆုံးပတ်

(တနင်္ဂနွေနေ့) (၂၇-၆-၂၀၀၄)ရက်နေ့

၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွက်

(၁၁-၇-၂၀၀၄)ရက်နေ့ နှင့် (၂၅-၇-၂၀၀၄)ရက်နေ့

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်

ရန်ကုန် ဇွန် ၂၅

၂၀၀၄ ခုနှစ် ဇူလိုင် ၂ ရက်မှ ၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်းအခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၁ ပေခန့်မှ ၂၀ ဒသမ ၃၄ ပေခန့် အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ပဲခူးတိုင်းအနောက်ပိုင်း သာယာဝတီမြို့နယ်ရှိ ကျေးလက်ပြည်သူများ၏ စိုက်ပျိုးရေးကို အထောက်အကူပြုလျက်ရှိသည့် သုံးဆယ်ရေလှောင်တမံ ပင်မတမံနှင့် ရေထိန်းမျှော်စင်ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နိုင်ငံတစ်ဝန်း ဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရန် ဖောက် လုပ် ပေး ထား သည့် ရန်ကုန်–မန္တလေး ပြည်ထောင်စု လမ်းမကြီး၏ ပဲခူး–ညောင်လေးပင် လမ်းအပိုင်းကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် ရခိုင်ပြည်နယ် ရန်ကုန်–စစ်တွေကားလမ်းပေါ်တွင် တည်ဆောက် ပေးထားသည့် ကစ္ဆပနဒီ တံတားကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် တည်ဆောက်ပေးထားသည့် ကျိုင်းတုံ ဒီဂရီကောလိပ် အဆောက်အအုံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



အမျိုးသား ညီလာခံ စုံညီ အစည်းအဝေး တွင် သဘာပတိ အဖွဲ့နှင့် တက်ရောက်သူ များအားတွေ့ရစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့်ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)နဂါးအဖွဲ့၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊အခြားဖိတ်ကြားသင့်သော ကိုယ်စားလှယ်အစုအဖွဲ့များအနက်မှ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညီလာခံကိုယ်စားလှယ်များ

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ညီလာခံကိုယ်စားလှယ်များအားတွေ့ရစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်းမှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များအားတွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များစုံစုံညီညီတက်ရောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအခြေခံမူများချမှတ်နိုင်ရန်အကြံပြု

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်သဘာပတိအဖြစ်နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှဦးမောင်လှ(ခ)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊အသိပညာရှင်အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိန်းနှင့်အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ၁၀၈၈ဦးရှိသည့်အနက် ညီလာခံ ကိုယ်စားလှယ် ၁၀၇၄ ဦး တက်ရောက်သည့်အတွက်ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၁ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့်သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်းကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီများက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို နှစ်ပိုင်းခွဲ၍ ဖတ်ကြားတင်ပြရာ ယင်းအဖွဲ့ချုပ်မှ ဦးစောသန်းအောင်နှင့် ဦးမန်းတင်မောင်(ခ) ဦးမန်းမျိုးညွှန့်တို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးယန်ကျင့်ကန်က ဖတ်ကြားတင်ပြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် နံနက်၁၀ နာရီခွဲတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးညီပလုပ်က ဖတ်ကြားတင်ပြသည်။

ထို့နောက်အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇွန် ၂၈ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မှတ်တမ်းတင် လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးညီပလုပ်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်း အဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခ)ဦးမန်းမျိုးညွှန့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များ မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးယန်ကျင့်ကန်က ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်း အဖွဲ့ချုပ်မှ ဦးစောသန်းအောင်က ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာတော်၊သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၅

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာအောင်သံဃာအပါး ၄၅၀ တို့အား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေးတို့အားအမှူးထား၍ ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ အဆိုပါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်ဇနီး၊ အထူး အရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း နှင့်ဇနီး၊ ဦးစီးဌာနများမှ ညွှန်ကြား ရေးမှူးချုပ်များနှင့်ဇနီးများ၊ အရာရှိကြီး များနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစု များတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ရှိ စာချစာသင်ဆရာတော်၊ သံဃာတော်များအတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၂၀၀၀၀၀ ကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးခိုင်အောင်က လက်ခံပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပြန်လည် ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြိမ်(၁၀၀) ပြည့် သိက္ခာထပ်နှင့် မွေးနေ့မင်္ဂလာပွဲ

ရန်ကုန် ဇွန် ၂၅

သထုံမြို့ နေမိန္ဒရတောင်ခြေ စိတ္တသုခကြွယ်ကျောင်းတွင် သီတင်းသုံးတော်မူသော ရွှေပုတီးဆရာတော်ဘဒ္ဒန္တဥတ္တမ၏ မွေးနေ့နှင့်အကြိမ်(၁၀၀)ပြည့်သိက္ခာထပ်မင်္ဂလာပွဲကို ဇူလိုင်၁ရက် (ပထမဝါဆိုလပြည့်နေ့) ကြာသပတေးနေ့နံနက် ၉နာရီမှ၁၁ နာရီအထိ တာမွေမြို့နယ် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ပြုလုပ်မည်ဖြစ်ရာ အလှူရှင်များကြွရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

လူသားအန္တရာယ် မူးယစ်ရန်စွယ်ကို အမြစ်ပြတ်ချေမှုန်းကြစို့

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်နေသည်။ ဘဝဆုံး လူဖြစ်ရှုံးစေသည့် ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးကို ကမ္ဘာ့နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာ၊နည်းဗျူဟာများ ချမှတ်ပေးခဲ့သည်။ နည်းဗျူဟာသုံးရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်က ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကို ၁၅နှစ်စီမံကိန်းရေးဆွဲကာ ၁၉၉၉-၂၀၀၀ပြည့်နှစ်မှစ၍ ဆောင်ရွက်လျက်ရှိသည်။ ငါးနှစ်စီမံကိန်းသုံးကြိမ်ခွဲကာ မြို့နယ် ၂၅၁ မြို့နယ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းမှုလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှုတစ်စတစ်စချုပ်ငြိမ်းပျောက်ကွယ်စေရန် ရည်ရွယ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ဤသို့ဆောင်ရွက်ပေးမှုကြောင့် နယ်စပ်ဒေသများတွင်ဖွံ့ဖြိုးတိုးတက်လာပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းလားဒေသသည် ဘိန်းကင်းမဲ့ဇုန်အဖြစ် ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ္ဘာသို့ ကြေညာခဲ့နိုင်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်အတူ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်သည် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပထမငါးနှစ်စီမံကိန်းကာလ ၂၀၀၂ ခုနှစ် ဧပြီလမှစပြီး ပန်းတိုင်သစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဤစီမံကိန်း၏ ရည်ရွယ်ချက်မှာ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးစေခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေးပင် ဖြစ်သည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဘိန်းစိုက်ပျိုးခြင်းမပြုရန် ဥပဒေအရတားဆီးခြင်း၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် တားဆီးခြင်း၊ ဘိန်းအစားထိုးသီးနှံ မျိုးစေ့များကို အရင်းမပျောက်သော နည်းလမ်းဖြင့် ဖြန့်ဖြူးခြင်း၊ ဒေသအလိုက်ဖြစ်ထွန်းသည့် မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးခြင်း၊ ဒေသအလိုက် အာဏာပိုင်အဖွဲ့ အစည်းများ၏ အစီအမံဖြင့် ဦးစားပေးနယ်မြေများ သတ်မှတ်ပြီး ကွင်းဆင်းကြပ်မတ်စစ်ဆေးခြင်း၊ စည်းရုံးပညာပေးခြင်းနှင့် လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခြင်း စသည့် နည်းလမ်းများ ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းနယ်မြေများအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ကို သတ်မှတ်ပြီး စီမံကိန်းအတွက် ပထမအဆင့် ငွေကျပ်သိန်း ၅၀၀၊ ဒုတိယအဆင့် ငွေကျပ်သိန်း ၅၀၀၊ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀၀ လျာထား ထုတ်ပေးလျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် ၂၀၀၂ ခုနှစ် မိုးသီးနှံအဖြစ် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးအတွက် အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၅၀၀ ဖြင့် အစားထိုးသီးနှံမျိုးစေ့များအား ဘိန်းစိုက်တောင်သူများထံ ဖြန့်ဝေပေးခဲ့သည်။ ဆက်လက်ပြီးဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေဖြင့် ငွေကျပ်သိန်း၅၀၀ ထပ်မံ

လေးဝတီကျော်

မတည်ကာ ကွင်းဆင်းလေ့လာစစ်ဆေးပြီး ဘိန်းအစားထိုးသီးနှံ မျိုးစေ့များကို တစ်ရွာဝင်တစ်ရွာထွက်ဖြင့် ဘိန်းစိုက်တောင်သူများထံ ဖြန့်ဝေပေးလျက်ရှိသည်။ ယင်းကဲ့သို့ဆောင်ရွက်ပေးမှုကြောင့် ဘိန်းစိုက်တောင်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သဘောပေါက်လာပြီး စုဆောင်းထားသည့် ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များအား ၎င်းတို့၏ အသိစိတ်ဖြင့် လာရောက်အပ်နှံခဲ့သည်။ လာရောက်အပ်နှံခဲ့သည့် ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များအား ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ နှစ်ကြိမ်၊ ကိုးကန့်အထူးဒေသ(၁) လောက်ကိုင်မြို့တွင်တစ်ကြိမ် အခမ်းအနားဖြင့်မီးရှို့ဖျက်ဆီးခဲ့ရာ ပြည်တွင်း ပြည်ပမှ သတင်းစာဆရာကြီးများ၊ သံတမန်များ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ပန်းတိုင်သစ်စီမံကိန်းကြောင့် အပ်နှံခဲ့သည့် ဘိန်းမျိုးစေ့ စုစုပေါင်းမှာ ၁၆၄၀၇၆ ကီလို ၁၆၄ တန်ကျော်ရှိရာ ဘိန်းစိုက်ပျိုးမည်ဆိုပါက ဧကပေါင်း ၁၀၀၄၇၅ ဧကကျော် စိုက်ပျိုးနိုင်ကာ၂၀၀၂-၂၀၀၃ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းစိုက်ဧကတစ်သိန်း ကျော်နှင့် ဘိန်းစိမ်း၄၄၂တန် ကျော်ခန့် ထွက်ရှိမှုကို ကြိုတင်တားဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့၌ (၁၇)ကြိမ်မြောက်တိုင် မီးရှို့ဖျက်ဆီးခဲ့ပြီး ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းနှင့် ဆက်စပ်သော မူးယစ်ဆေးဝါး ပြဿနာများကို ထိရောက်အောင်မြင်စွာ ထိန်းချုပ် ဆောင်ရွက်လာနိုင်ချိန်တွင် ၁၉၉၆ ခုနှစ်၌ စိတ်ကြွရူးသွပ်ဆေးပြဿနာနှင့် ထပ်မံရင်ဆိုင်လာရပြန်သည်။ နိုင်ငံအတွင်း တားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် ပညာပေးရေး လုပ်ငန်းများကို ဆောင်ရွက်သည့်အပြင် တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် ခြောက်နိုင်ငံအတွင်း နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှု ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း ၁၉၉၉-၂၀၀၃ ကို UNDCPနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိသည်။ ပထမအဆင့်အနေဖြင့် မြန်မာ-တရုတ်-လာအို-ဗီယက်နမ်တို့နှင့် ပူးပေါင်းပြီး နယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှု ပူးပေါင်းဆောင်ရွက်ရေးကို စတင်စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာသည် မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မတိုင်မီ လုံးဝမရှိခဲ့ပါ။ ၁၉၉၆ ခုနှစ် နောက်ပိုင်းတစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသည့်ဖြစ်စဉ်ကိုတွေ့ရသည်။ ထိုအချိန်ကစပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ရာ ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်က တာချီလိတ်မြို့နယ်အတွင်း၌ စိတ်ကြွရူးသွပ်ဆေး ထုတ်လုပ်သည့်စက်ကို ဖမ်းဆီးရမိခဲ့သည်။ ထုတ်လုပ်မှု ပပျောက်ရေးအပိုင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား အသိပညာပေးရေး လုပ်ငန်းကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တစ်ခုကိုလည်း ကိုးကန့်ဒေသ လောက်ကိုင်မြို့၌ ဖွင့်လှစ်နိုင်ခဲ့သည်။

ASEAN နိုင်ငံများအတွင်းတွင်လည်း ၂၀၁၅ခုနှစ်တွင် Drug Free ASEAN ဖြစ်ရေးကို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

၂၀၀၁ခုနှစ် ဇွန်လ ၂၆ရက်တွင် ကျရောက်သည့် "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့"၌ ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ပြီးသော မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ချုပ်ငြိမ်းစေရေး ဆောင်ရွက်ချက် အောင်မြင်မှုသာဓကများနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်ပြီး မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများကို တုံ့ပြန်ဖော်ထုတ်ပြသနေပြီဖြစ်သည်။

၂၀၀၄ခုနှစ် ဇွန်လ ၂၆ရက် ယနေ့သည် **"အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့"** ဖြစ်ပေရာ နိုင်ငံတော်၏ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းနှင့်အညီ လူသားအန္တရာယ် မူးယစ်ရန်စွယ်ကို အမြစ်ပြတ်ချေမှုန်းရေးအတွက် သန္နိဋ္ဌာန်ပြုဆောင်ရွက်ကြပါစို့။ ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်
တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆-၆-၂၀၀၄

International Day Against Drug Abuse and Illicit Trafficking
26-6-2004

ဆေးဝါးကုသ အောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ

မေ၄ရက်က ၄/၉ လမ်းသစ်ရိပ်သာ လမ်းမတော်မြို့နယ်နေ (ဒေါ်လှကြည်)အား ရည်စူး၍ ခင်ပွန်းဦးမောင်လှနှင့် သမီးများက ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ အလှူငွေကျပ်တစ်သိန်းနှင့် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်း လာရောက်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင်ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၂၃ရက်နံနက်ကမန်ကျည်းတန်း(တောင်)အနောက်ရပ်ကွက်တွင်ကိုယ့်အားကိုယ်ကိုး နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့်ဟောပြောပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ခင်သန်းလှနှင့် မန်ကျည်းတန်း(တောင်) အနောက်ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်ခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ဝဲပုံ)

ရှေးဦးစွာ ရပ်ကွက်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက် လက်ထောက်(၃)က မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးအကြောင်း၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွဲ့စည်းထူထောင်ရေးအကြောင်း ဟောပြောကြောင်းသိရ

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဇွန် ၂၄ ရက်ညက သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်စဉ်။(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညီလာခံကိုယ်စားလှယ်များအား သစ္စာမေတ္တာရွှေမန်းသဘင်ဖျော်ဖြေတင်ဆက်မှုကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၂၅

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၏ စီစဉ်မှုဖြင့် သစ္စာမေတ္တာရွှေမန်းသဘင်အဖွဲ့က ယမန်နေ့ညပိုင်းတွင် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ယင်းသို့ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌတရားသူကြီးချုပ် ဦးအောင်တိုး၊ လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်ပွဲ၌ သစ္စာမေတ္တာ ရွှေမန်းသဘင်၏ သစ္စာထားနှစ်ပါးသွားခန်း အစီအစဉ်များတွင် မင်းသားမောင်ချမ်းသာ၏ သီဆိုကပြဖျော်ဖြေခြင်း၊ မင်းသားနှင့် မင်းသမီးများ အလှည့်ကျကပြဖျော်ဖြေခြင်း၊ မင်း သမီးများတစ်ဦးချင်း အလှည့်ကျ သီဆိုကပြဖျော်ဖြေခြင်း၊ လူရွှင်တော်များက ခွန်းတောက်ဖြင့် သီဆိုဂုဏ်ပြုခြင်း၊ ဟာဒယရွှင်ဆေးဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မင်းသား၊ မင်းသမီးများနှင့် လူရွှင်တော်များ စခန်းသိမ်းစုပေါင်း သီဆိုနှုတ်ဆက် ဂါရဝပြုဖျော်ဖြေခြင်းတို့ဖြင့် တင်ဆက်ကပြဖျော်ဖြေကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များအား သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၁၅၀၀၀၀ ကို အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ပေးအပ်ချီးမြှင့်ပြီး တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသား ညီလာခံကိုယ်စားလှယ် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဂုဏ်ပြုဆုငွေကျပ် ၁၅၀၀၀၀ ကို ချီးမြှင့်ရာ မင်းသားမောင်ချမ်းသာက လက်ခံသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။ **(သတင်းစဉ်)**

မြစိမ်းရောင်စပါးစိုက်ပျိုးမှု နည်းပညာသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(ရုံးချုပ်)၏ မြစိမ်းရောင်စပါးစိုက်ပျိုးမှုနည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရုံးချုပ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လယ်တစ်ဧကလျှင် စပါးတင်း ၁၀၀ ထွက်ရှိရေး၊ မြစိမ်းရောင်အထွက်တိုး မျိုးစပါးနှင့် နည်းပညာများ ပြည်နယ်နှင့် တိုင်းများတွင် စံပြစိုက်ပျိုးတိုးချဲ့ပြန့်ပွားရေးတို့ကို ရည်မှန်းချက်ထားရှိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း သင်တန်းသား ၉၃ ဦးတို့ တက်ရောက်ကြသည်။

(က–ပ)

မြစ်ရေကြီးခြင်းသတိပေးချက်

ရန်ကုန် ဇွန် ၂၅

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၈၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၇၅ စင်တီမီတာသို့ ရောက်ရှိနေသည်။

အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၆–၆–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓမ္မာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
- ၈:၂၀ ၇။ ပသောင်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၃:၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာချစ်ပန်း**(အပိုင်း–၃)
- ၁၄:၁၀ ၇။ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်
- ၁၄:၂၀ ၈။ **“ရက်စက်တယ်တဲ့လား”** (မျိုးမောင်မောင်၊ သီဟ၊ ဆုလှဲ့စန္ဒာ၊ ရိုးရိုး) (ဒါရိုက်တာ–ရိုးရိုး)
- ၁၄:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာ အစားအစာ(ဗမာ)
- ၁၇:၂၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၀၀ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
- ၁၈:၁၀ ၁၀။ တားဆီးကာကွယ်မူးယစ်အန္တရာယ်
- ၁၈:၂၀ ၁၁။ တောင်ဇလပ်ပန်း ပွင့်လန်းဝေဆာ သွေးချင်းတို့ဌာနေမှာ
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းပွင့်”** (အပိုင်း–၂၃)
- ၁၉:၄၀ ၁၆။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နှလုံးသားထဲက တစ်ခုတည်းသော အချစ် ”** (အပိုင်း–၁)
- ၂၁။ Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ကွာတားဖိုင်နယ်ပွဲစဉ်(၃) **(ဆွီဒင်နှင့် ဟော်လန်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၄–၆–၂၀၀၄

ဘားအံမြို့	၅ ဒသမ ၈၇ လက်မ
ဂွမြို့	၄ ဒသမ ၈၄ လက်မ
စစ်တွေမြို့	၄ ဒသမ ၅၇ လက်မ
ကော့ကရိတ်မြို့	၄ ဒသမ ၅၃ လက်မ
ထားဝယ်မြို့	၄ ဒသမ ၀၂ လက်မ
သံတွဲမြို့	၄ ဒသမ ၀၂ လက်မ
ကျောက်ဖြူမြို့	၃ ဒသမ ၉၈ လက်မ

ဆက်သွယ်ရေးသင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၅

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း အချိန်ပိုင်း အီလက်ထရွန်နစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ သင်တန်း၊ အခြေခံအီလက်ထရွန်နစ် သင်တန်းနှင့် အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲများကို ယနေ့နံနက် ၉ နာရီတွင် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်နှင့်ထူးချွန်ဆုများကိုသက်ဆိုင်ရာ သင်တန်းအလိုက် ကိုယ်စားလှယ်များနှင့် ထူးချွန်ဆုရရှိသူများအား ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အချိန်ပိုင်း အီလက်ထရွန်နစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းမှာ ရက်သတ္တတစ်ပတ် အချိန်ပိုင်းသင်တန်းဖြစ်ပြီး ဝန်ကြီးဌာန ၂၇ခုမှ အဆင့်မြင့်အရာရှိသင်တန်းသား ၂၈ ဦး တက်ရောက်ကြသည်။ ကျန်သင်တန်းနှစ်ခုမှာ ပုံမှန်သင်တန်းများဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၆ ဦးတို့ တက်ရောက် ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်

၂၅–၆–၂၀၀၄

မင်္ဂလာဒုံ	၀ ဒသမ ၂၇ လက်မ
ကမ္ဘာအေး	၀ ဒသမ ၂၇ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၂၀ လက်မ

ကမ်းရိုးတန်းဒေသများ၌ မိုးလျော့နည်းနိုင်

ရန်ကုန် ဇွန် ၂၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့်မကွေးတိုင်းတို့တွင် တိမ်ထူထပ်ခဲ့ပြီး၊ရှမ်းပြည်နယ်၊ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ဒေသအလိုက်နှင့် တနင်္သာရီတိုင်းတွင်နေရာကွက်၍ မိုးကြီးခဲ့သည်။ ကပ္ပလီပင်လယ်ပြင်တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန် ၂၆ ရက်ညနေအထိ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ္တမကွေ့နှင့်မြစ်ဝကျွန်းပေါ်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွင်း ကမ်းရိုးတန်းဒေသများ၌ အများအားဖြင့် မိုးလျော့နည်းသွားနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

လူကုန်ကူးမှုသည်မြန်မာလူမျိုးတို့၏အမျိုးအနွယ်စောင့်ထိန်းမှုထိခိုက်ပျက်ပြားတားဆီးကာကွယ်ရေးလုပ်ငန်းကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၂၅

မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်းနှင့်ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ကာကွယ်ရေးဦးစီးချုပ်ရုံး၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အဖွဲ့ဝင်နိုင်ငံ

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်**(အပေါ်ပုံ)**က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် ယနေ့ ကမ္ဘာပေါ်တွင် ရှေ့တန်းသို့ရောက်ရှိလာသည့် နိုင်ငံဖြတ်ကျော်မှုခင်းပြဿနာကို နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်ရေးအတွက် ၂၀၀၄ ခုနှစ် မတ် ၃၀ရက်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်နောက်ဆက်တွဲစာချုပ်ဖြစ်သည့် Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children နှင့် Protocol Against the Smuggling of Migrants by Land, Sea and Air တို့တွင် အဖွဲ့ဝင် နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း။

အောင်မြင်မှုများတင်ပြ

၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် မဲခေါင်မြစ်ဝှမ်းဒေသ အတွင်းရှိနိုင်ငံခြောက်နိုင်ငံမှဝန်ကြီးများအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိကြောင်း၊ ထိုအစည်းအဝေးမတိုင်မီ ၂၀၀၄ခုနှစ် ဇူလိုင်လအတွင်းတွင် ထိုင်းနိုင်ငံ၌ ပထမအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပရန်ရှိပြီး ဒုတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၌ ကျင်းပရန်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အစည်းအဝေး လက်ခံကျင်းပခြင်းအားဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့်ဒေသအတွင်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြောင်း ပြသသည့် မှတ်တိုင်တစ်ခုအဖြစ်လည်းကောင်း၊အစည်းအဝေးမှ ထွက်ပေါ်လာမည့် MoU နှင့် Plan of Action သည် ဒေသအတွင်း လက်တွေ့အကောင်အထည်ဖော်ပြီး တိုးတက်ဖြစ်ပေါ်မှုကို Monitoring ပြုလုပ်မည်ဖြစ်၍ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အထောက်အကူအဖြစ် လည်းကောင်း၊ ဒေသအတွင်း အခြားနိုင်ငံများ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးဆောင်ရွက်မှုများကိုလေ့လာရရှိပြီး မိမိနိုင်ငံ၏ တက်ကြွစွာ အလေးထားဆောင်ရွက်နေမှုများနှင့် အောင်မြင်မှုများကိုတင်ပြခွင့် အခွင့်အလမ်းများအဖြစ်လည်းကောင်း ရရှိမည်ဖြစ်ကြောင်း။

လူကုန်ကူးမှုသည် မြန်မာလူမျိုးတို့၏ အမျိုးအနွယ် စောင့်ထိန်းမှုကို ထိခိုက် ပျက်ပြားစေသည့်အတွက် တားဆီးကာကွယ်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စရပ်များ ပပျောက်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ၁၇-၇-၂၀၀၃ရက်မှ ၃၁-၁၂-၂၀၀၃ရက်အထိ လူပွဲစားများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ လူပွဲစား ၅၄၀ကို အမှုပေါင်း ၂၉၄မှုဖြင့် အရေးယူနိုင်ခဲ့ကြောင်း၊ အရေးယူသည့် လူပွဲစားများအနက် ၃၁၄ဦးမှာ တရားရုံးမှ ထိရောက်သည့်ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြစ်ဒဏ်ချမှတ်ချက်များ အနေဖြင့် တစ်သက်တစ်ကျွန်းဒဏ် နှစ်ဦး၊ ထောင်ဒဏ် ၁၀နှစ်အထက် ၇၇ဦး၊ ထောင်ဒဏ် ငါးနှစ်အထက် ၁၅၈ဦး၊ ထောင်ဒဏ်ငါးနှစ်အောက် ၇၇ဦးဖြစ်ကြောင်း။

ဥပဒေမူကြမ်းရေးဆွဲ

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ သီးခြားဥပဒေ ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း တည်ဆဲဥပဒေများဖြစ်သည့် ပြစ်မှုဆိုင်ရာဥပဒေ(၁၈၆၁)၊ ၁၉၄၉ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ၊ ၁၉၄၉ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကလေးသူငယ် ဥပဒေ (၁၉၉၃)၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ (၁၉၉၉)တို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ယခုအခါ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် ကုလသမဂ္ဂ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လိုက်လျောညီထွေမှုရှိသည့် သီးခြားဥပဒေပြဋ္ဌာန်းရေးအတွက် ဥပဒေမူကြမ်းရေးဆွဲလျက်ရှိကြောင်း။

ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မိမိနိုင်ငံသို့ပြန်လာနိုင်ရေးအတွက် ပြန်လည်ကြိုဆိုလက်ခံရေး စခန်းကို ဌာနဆိုင်ရာခြောက်ခု ပူးပေါင်းပါဝင်မှုဖြင့် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် မြဝတီမြို့၌ ဖွင့်လှစ်ပြီး ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံပြီး အိမ်တိုင်ရာရောက်စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံမှ ၇-၆-၂၀၀၄ရက်အထိ ပြန်လည်ဝင်ရောက်လာသူ ကျား ၁၀၀၃၁ဦး၊ မ ၃၅၀၆ဦး စုစုပေါင်း ၁၃၅၃၇ဦးနှင့် ကလေး ကျား ၁၇၇ဦး၊ မ ၁၇၆ဦး စုစုပေါင်း ၃၅၃ဦး ဖြစ်ကြောင်း။

နယ်စပ်ဖြတ်ကျော်သွားလာမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ နိုင်ငံခြားသားများ မတရားဝင်ရောက်ခြင်းမှ ထိန်းသိမ်းကာကွယ်ရန်အတွက် ၂၅-၁-၆၃ရက်တွင် (၂၄)ကြိမ်မြောက် ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံခြားသားများ မတရားဝင်ရောက်မှုကာကွယ်ရေးအဖွဲ့(မကဖ)ကို လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပါဝင်ဖွဲ့စည်းပြီး နယ်စပ်ဒေသ ၂၂ခုတွင် ဖြန့်ခွဲတာဝန်ပေးခဲ့ကြောင်း။

ပြန်လည်ပေါင်းစည်းပေး

ထို့ပြင် လူကုန်ကူးခြင်းခံရသူများအား လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အစိုးရဌာနများ၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိသားစုထံ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်ထူထောင်ရေး၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၀၄ခုနှစ်အတွင်း မလေးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာအမျိုးသမီး သုံးဦး၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသမီး ခြောက်ဦးကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၀၃ခုနှစ်တွင် ၄၂ဦး၊ ၂၀၀၄ခုနှစ်တွင် ခုနစ်ဦးတို့ကို လည်းကောင်း မိသားစုထံသို့ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ပြည်နယ်၊ တိုင်းအသီးသီး၌ ၂၀၀၃ခုနှစ်အတွင်း မွန်ပြည်နယ်မှ ၁၈ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ၂၄ဦး ၊ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ခုနစ်ဦးတို့ကိုလည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ၅၂ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ခုနစ်ဦးတို့ကိုလည်းကောင်း မိသားစုနှင့်အတူ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဩစတြေးလျနိုင်ငံအစိုးရနှင့် ၂၂-၁၂-၂၀၀၃ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ယခုအခါ စီမံကိန်းအကူအညီဖြင့် အထူးအဖွဲ့ တပ်ဖွဲ့ဝင်များကို စွမ်းရည်မြှင့်သင်တန်းများ ပေးလျက်ရှိကြောင်း၊ လူကုန်ကူးမှုဖြစ်ပွားရန် အလားအလာရှိသော နယ်စပ်မြို့ ၁၀မြို့တွင် အထူးအဖွဲ့များ ထပ်မံဖွဲ့စည်း၍ စတင်လေ့ကျင့်ပေးလျက်ရှိကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမပြုစေရန်အတွက် ၁၉၅၉ခုနှစ် တပ်မတော်အက်ဥပဒေနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားလွှာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ရာ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိ၍ ၂၀၀၄ခုနှစ်တွင် ၄၇၃ဦး၊ ၂၀၀၃ခုနှစ်တွင် ၂၃၇ဦးတို့ကိုနုတ်ထွက်ခွင့်ပြုခဲ့ပြီး ၁၇၆၆ဦးကို တပ်သားသစ်အဖြစ် စုဆောင်းခြင်းကို ငြင်းပယ်ခဲ့ကြောင်း၊ အဓမ္မစုဆောင်းမှုကြောင့် တာဝန်ရှိစစ်သည်များကို အရေးယူခဲ့ကာ ၂၀၀၂ခုနှစ်တွင် ၁၇ဦး၊ ၂၀၀၃ခုနှစ်တွင် ငါးဦးဖြစ်ကြောင်း၊ ထို့ပြင် စစ်ရေးချုပ်ဦးဆောင်သည့် အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းတားဆီးရေး ကော်မတီကို ၅-၁-၂၀၀၄ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း။

တစ်ဖက်သတ်

မြန်မာနိုင်ငံအနေဖြင့် ဖော်ပြပါအတိုင်း မိမိနိုင်ငံအတွင်း လူမှောင်ခိုကုန်ကူးသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ပညာပေးခြင်း၊ တားဆီးခြင်းစသည်တို့ကို ဆောင်ရွက်သည့်အပြင် လူကုန်ကူးမှု တိုက်ဖျက်ရေးကို အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ ဒေသအတွင်း နိုင်ငံများနှင့်လည်းကောင်း တက်ကြွစွာပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိခြင်း၊ ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံ၊ ရှုထောင့်အမျိုးမျိုးမှ စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်ခြင်း စသည်တို့ကို ပြုလုပ်ထားသော်လည်း မသိကျိုးကျွန်ပြု၍ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၃ခုနှစ်အတွက် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာကို ၂၀၀၄ခုနှစ် ဇွန် ၁၄ရက် ထုတ်ပြန်ခဲ့ရာ၌ မြန်မာနိုင်ငံအပေါ် (Tier-3)တွင် တစ်ဖက်သတ် သတ်မှတ်ထားခြင်းကို တွေ့ရှိခဲ့ရကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အမေရိကန်နိုင်ငံ၏(Tier-3)သတ်မှတ်မှုကို သုံးသပ်ဆွေးနွေးရာတွင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ပိုမိုကောင်းမွန်သော အနာဂတ်ကိုတည်ထောင်ပေးရန် မြန်မာအစိုးရသည် လုံ့လဝီရိယထုတ်ဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံ၏ ချီးကျူးထိုက်သော အားထုတ်ဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုရန် အမြဲတစေငြင်းကွယ်နေသည့် ၎င်းတို့၏အပြုသဘောမဆောင်သော တုံ့ပြန်ချက်များကို အရေးမထားဘဲ မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခိုကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အစွမ်းကုန်အားထုတ်ဆောင် ရွက်သွားရမည်သာဖြစ်ကြောင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်းက မြန်မာနိုင်ငံသည် ILOအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ILO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ၁၉၉၆ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်ဆိုသော နိုင်ငံရေးဖိအားပေးစွပ်စွဲမှုများ ပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လုပ်အားပေးဆင့်ဆိုမှုများနှင့် ပတ်သက်သည့် ကျေးရွာဥပဒေနှင့် မြို့များဥပဒေပါ ပုဒ်မအချို့ကိုကျင့်သုံးခြင်း မပြုရန်တားမြစ်သည့် အမိန့်အမှတ်(၁/၉၉)ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၄-၅-၁၉၉၉ရက်တွင် ထုတ်ပြန်ခဲ့ပြီး ဖြည့်စွက်အမိန့်ကို ၂၇-၁၀-၂၀၀၀ရက်တွင် ထပ်မံထုတ်ပြန်ခဲ့ကြောင်း၊ ILO မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၂ခုနှစ် မတ် ၁၉ရက်တွင် ILO ဆက်သွယ်ရေး အရာရှိခန့်ထားရေးကိစ္စအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား သဘောတူညီခဲ့ပြီး ဆက်သွယ်ရေးရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းမှုများ ပပျောက်ရေးအတွက် အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ ဦးဆောင်သည့် ကွင်းဆင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ချက်များကို ILO ညွှန်ကြားရေးမှူးချုပ်ထံ ပုံမှန်ပေးပို့လျက်ရှိကြောင်း၊ ၂၀၀၃ခုနှစ် ဇွန်လက ကျင်းပခဲ့သည့် ILOညီလာခံတွင် မြန်မာနိုင်ငံနှင့် ILOတို့ညှိနှိုင်းရေးဆွဲ တင်ပြသည့် Join Plan of Action on Elimination of Forced Labour ကို အလုပ်သမားရေးရာနှင့်မသက်ဆိုင်သည့် နိုင်ငံရေးအကြောင်းပြချက်ဖြင့် ILO ဘက်မှ ဆိုင်းငံ့ထားခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ILOအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာကိုယ်စားလှယ်တို့က အကြံပြုဆွေးနွေးကြပြီး မဲခေါင်ဒေသ ခြောက်နိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဝန်ကြီးအဆင့် အစည်းအဝေးကျင်းပရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ *ကျောဖုံးမှ*

ပြိုင်ပွဲတွင် မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းခြောက်နိုင်ငံမှ အားကစားသမားပေါင်း ၄၀က အတန်းရှစ်တန်းတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

အောင်ပွဲရမြန်မာအဖွဲ့ အုပ်ချုပ်သူ၊ နည်းပြနှင့်ဒိုင်အဖြစ် လိုက်ပါဆောင်ရွက်သည့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်သန်း(ဌာနမှူး၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန)အား ယနေ့နံနက်ပိုင်းက မြန်မာ့အလင်းက သွားရောက်တွေ့ဆုံ၍ အရှေ့တောင်အာရှ ကာယဗလကွန်ဂရက် အစည်းအဝေးအတွေ့အကြုံ၊ ပြိုင်ပွဲအတွေ့အကြုံ၊ ဒိုင်အဖြစ်ဆောင်ရွက်ရပုံနှင့် မြန်မာနိုင်ငံ ကာယဗလအဖွဲ့ချုပ်၏ ရှေ့ခရီးအလားအလာများကို မေးမြန်းကြည့်မိသည်။

မြန်မာနိုင်ငံ ကာယဗလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်သန်းက ပြောကြားရာတွင် "မိမိတို့ ဥက္ကဋ္ဌနှင့်အတူ ဇွန် ၁၈ရက်တွင် အရှေ့တောင်အာရှ ကာယဗလအဖွဲ့ချုပ် အစည်းအဝေးတက်ရောက်ခဲ့ရာ အဆိုပါအစည်းအဝေးက မြန်မာနိုင်ငံ ကာယဗလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင်(အတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)အား အရှေ့တောင်အာရှ ကာယဗလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြောင်း၊ မိမိလည်း အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရကြောင်း။

မိမိတို့ပြိုင်ပွဲဝင် သုံးဦးဖြင့် ၈၅ကီလိုတန်း၊ ကီလို ၇၀တန်းနှင့် ၅၅ကီလိုတန်းပြိုင်ပွဲ သုံးတန်းပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၅၅ကီလိုတန်းပြိုင်ပွဲ ဇော်ဝမ်းအတန်းတွင် အဓိကပြိုင်ဘက်မှာ စင်ကာပူဖြစ်ကြောင်း၊ ဇော်ဝမ်းက ပြိုင်ဘက်စင်ကာပူထက် ခန္ဓာကိုယ်အချိုးအစားညီညွတ်ခြင်း၊ တီးလုံးနှင့်ပြကွက် သရုပ်ဖော်ပြသရာမှာ ကြွက်သားပေါ်လွင်အောင် ပြသနိုင်ခြင်း၊ ကိုယ်ဟန်ပြသမှုကောင်းခြင်းတို့ကြောင့် ဇော်ဝမ်းက ပထမရွှေတံဆိပ် ဆွတ်ခူးရရှိခြင်းဖြစ်ကြောင်း၊ ကီလို ၇၀တန်း အောင်ခိုင်ဝင်းအတန်းတွင် ၁၀ဦးပါဝင်ယှဉ်ပြိုင်ရာ အောင်ခိုင်ဝင်း၏ အဓိကပြိုင်ဘက်များမှာ ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့ဖြစ်ကြောင်း၊ ယင်းအတန်းတွင် ပြိုင်ပွဲဝင်များသော်လည်း အောင်ခိုင်ဝင်းဒုတိယရရှိကြောင်း၊ ပထမရသွားသည့် ထိုင်းနှင့်သိပ်မကွာလှကြောင်း၊ အောင်ခိုင်ဝင်းက အဆီနည်းနည်းရှိ၍ ရွှေဆုနှင့်လွဲပြီး ဒုတိယဆုနှင့်သာ ကျေနပ်ခဲ့ရကြောင်း။

၈၅ကီလိုတန်းပြိုင်ပွဲဝင်သည့် မင်းဇော်ဦးကို အားအရဆုံးဖြစ်ကြောင်း၊ မင်းဇော်ဦး၏အဓိကပြိုင်ဘက်မှာ ဗီယက်နမ်ဖြစ်ကြောင်း၊ မင်းဇော်ဦးက ပြိုင်ဘက်ထက် ကြွက်သားပိုမိုပေါ်လွင်အောင် ပြသနိုင်၍ ပထမရွှေတံဆိပ်ကို ရခြင်းဖြစ်ကြောင်း၊ ရွှေတံဆိပ်အပြင် အတန်းရှစ်တန်းမှ ပထမရသွားသည့် သူများထဲမှ (Best Body Builder) အကောင်းဆုံးကာယဗလအားကစားသမားဆု၊ ဘာလီမြို့က ပထမဦးဆုံးအကြိမ်ချီးမြှင့်သည့် (2004 Mr.Bali) မစ္စတာဘာလီဆုကိုပါ ဆွတ်ခူးရရှိ၍ ပရိသတ်များ၏လက်ခုပ်အားပေးသံများ ခန်းမတစ်ခုလုံး ဖုံးလွှမ်းသွားကြောင်း"ဖြင့် မြန်မာ့အလင်းသို့ပြောကြားသည်။

ရှေ့လုပ်ငန်းစဉ်

ရှေ့လုပ်ငန်းစဉ်များအနေဖြင့် "မိမိတို့ ယခုရရှိသည့် ဆုအဆင့်အတန်းနိမ့်ကျမသွားအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၅ခုနှစ် ဖိလစ်ပိုင်တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အဓိကထားပြီး အလားအလာရှိသော ကာယဗလ အားကစားသမားများကို စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း" ရှင်းလင်းပြောကြားသွားသည်။

နိုင်ငံ့ဂုဏ်ဆောင်

မြန်မာနိုင်ငံ ကာယဗလအဖွဲ့ချုပ်အနေဖြင့် ယခုရရှိသည့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်း၍ အားထားရမည့် မျိုးဆက်သစ်အားကစားသမားများကို ရှာဖွေလေ့ကျင့်ပေးသွားပြီး နိုင်ငံတကာပြိုင်ပွဲများ၌ အတန်းများများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဆိုပါက လာမည့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယခုထက် အောင်ပန်းဆင်နိုင်ပြီး မြန်မာ့ကာယဗလဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

● ကျောဖုံးမှ

ဇွန် ၂၇ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် ကွာတားဖိုင်နယ်ပွဲစဉ်(၃)အဖြစ်ဟော်လန်အသင်းနှင့်ဆွီဒင်အသင်းတို့သည် ပေါ်တူဂီ၏ အထင်ရှားဆုံးအားလပ်ရက်အပန်းဖြေဒေသဖြစ်သော Faro မြို့နှင့် Loule မြို့တို့ဆုံရာ ပန်းခြံဧရိယာအတွင်း၌ တည်ရှိသည့် Estadio Algarve ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဟော်လန်အသင်း

လိမ္မော်ရောင်ဟော်လန် အသင်းသည် အုပ်စု(ဃ)၌ ပါဝင်ခဲ့ပြီး လတ်ဗီးယားကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ဂျာမနီနှင့်တစ်ဂိုးစီသရေကျပြီး ချက်ကို သုံးဂိုး-နှစ်ဂိုးဖြင့်ရှုံးခဲ့သည်။ ဟော်လန်အသင်းသည် သုံးပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး(၄)မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။ဟော်လန်အသင်းသည် သုံးပွဲတွင် ခြောက်ဂိုးသွင်းယူနိုင်ခဲ့ရာ တိုက်စစ်မှူးနစ္စတယ်ရှိုင်း တစ်ဦးတည်းက လေးဂိုးသွင်းယူခဲ့ပြီး ရှိုင်းမက်ကေးနှင့် ဘောမားတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။

အဝါအနီ

ဟော်လန်အသင်းတွင် ပွဲပယ်ခံထားရသူမရှိဘဲ လူစုံတက်စုံပါဝင်လာမည်ဖြစ်သည်။ ချက်နှင့်ပွဲတွင် နှစ်ဝါအနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသော နောက်တန်းလူဟိုက်တီဂါ ပြစ်ဒဏ်စေ့၍ ပြန်လည်ကစားခွင့်ရနိုင်သည်။ ဟော်လန်အသင်းမှ ဆီးဒေါ့ဖ်၊ ကိုကူးနှင့် ဂျက်စတမ်းတို့ အဝါကတ်များ ထိထားကြသည်။

ဟော်လန်နည်းပြ

ဟော်လန်အသင်းအကြောင်းပြောလျှင် နည်းပြဒစ်အက်ဒ်ဗိုကတ်ကိုလည်း ချန်လှပ်ထား၍မရပေ။ ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားပွဲခြေစစ်ပွဲတွင် ဟော်လန်အသင်း ခြေစစ်ပွဲမအောင်မြင်ဘဲဖြစ်ခဲ့ရပြီးနောက် နည်းပြလူးဝစ္စဗန်ဟားလ်ထံမှ လွှဲပြောင်းတာဝန်ယူခဲ့သောဒစ်အက်ဒ်ဗိုကတ်သည်ဟော်လန်တို့ မျှော်လင့်ထားသည့် ချန်ပီယံအိပ်မက်ကို အကောင်အထည်ဖော်ပြရမည်ဖြစ်သည်။

ဟော်လန်အသင်းသည် ခြေစစ်ပွဲစဉ်များတွင် ချက်နှင့် တစ်အုပ်စုတည်းကျခဲ့ပြီး ချက်ကိုတစ်ပွဲသရေ၊ တစ်ပွဲရှုံးကာ အုပ်စုဒုတိယရရှိခဲ့သည်။ ရှုံးထွက်အဆင့် (Play- off)ပြန်ကစားသောအခါမှ စကော့တလန်ကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပြီး အိမ်ကွင်း၌ ခြောက်ဂိုး-ဂိုးမရှိဖြင့် နိုင်ကာခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။

ကစားသမားအင်အား

ယူရို၂၀၀၄ ပြိုင်ပွဲဝင် ဟော်လန်အသင်းတွင် ဂိုးသမား ဗန်ဒါဆား (ဖူဟမ်) လက်စွမ်းပြနေဆဲဖြစ်ပြီး ဘောမား(ပီအက်စ်ဗွီ)၊ ဟိုက်တီဂါ (အေဂျက်စ်)၊ ကိုကူး(ဘာစီလိုနာ)၊ ဂျက်စတမ်း(အေစီမီလန်)၊ ရိုင်းဇီဂါ (ဘာစီလိုနာ)၊ ဖရန့်ဒီဘိုးဝါး (ရိန်းဂျားစ်)၊ ဗန်ဘရွန်ခရော့စ်(ဘာစီလိုနာ)တို့သည်ကမ္ဘာ့ကျော်နောက်တန်းလူများဖြစ်ကြသည်။

အလယ်တန်းလူများကို ကြည့်ပါကလည်း ဘော့စဖဲလ်(မန်စီးတီး) အဂ္ဂါဒေးဗစ်(ဘာစီလိုနာ)၊ ဆီးဒေါ့ဖ် (အေစီမီလန်)၊ ရှနိုက်ဒါ(အေဂျက်စ်)၊ ဗင်ဒင်း(မစ်ဒယ်ဘရော့) တို့သည် ဥရောပ အတွေ့အကြုံများသော အလယ်တန်းလူများဖြစ်သည်။၎င်းတို့ကစားနေသော ကလပ်အသင်းများကို ကြည့်ရုံနှင့် အတွေ့အကြုံနှင့်သမ္မာရှိကြောင်း သိနိုင်သည်။

ဟော်လန်အသင်းအတွက် သုံးပွဲကစားပြီး လေးဂိုးသွင်းယူပေးထားသည့် လိမ္မော်ရောင်တိုက်စစ်မှူးနစ္စတယ်ရှိုင်း ဆွီဒင်အသင်းကို ခြေစွမ်းပြဂိုးသွင်းနိုင်ပါဦးမည်လော။ (ဓာတ်ပုံ-အင်တာနက်)

ရှေ့တန်း အင်အားကလည်း ကြောက်ခမန်းလိလိပင်ဖြစ်သည်။ ဗန့်ဟူးဒွန့်ခ်(ဖီနာဘာချီ)၊ ကလွိုက်ဗက်(ဘာစီလိုနာ)၊ ရှိုင်းမက်ကေး(ဘိုင်ယန်မြူးနစ်)၊ ဗန်ဒါမေဒီ(အင်တာမီလန်)၊ နစ္စတယ်ရှိုင်း(မန်ယူ)၊ အိုဗားမား(ဘာစီလိုနာ)နှင့်ရော်ဘင် (ချယ်လ်ဆီး)တို့ဆိုသည်မှာ ပြိုင်ဘက်နောက်တန်းလူများကနာမည်ကြားရုံနှင့် လျှော့မတွက်ရဲသူများ ဖြစ်ကြသည်။ အုပ်စုပွဲစဉ်များတွင် ရှေ့တန်းလူများ အနက် ရော်ဘင်၊ ဗန်ဒါမေဒီနှင့် နစ္စတယ်ရှိုင်းတို့ကို ထုတ်သုံးခဲ့ပြီး နာမည်ကြီးကလွိုက်ဗက်ကို အရန်ခုံ၌ ထိုင်ခိုင်းထားသည်။ ဟော်လန်အသင်းအတွက် သုံးပွဲကစား လေးဂိုးသွင်းပေးထားသော နစ္စတယ်ရှိုင်း အထူးခြေစွမ်းပြလျက်ရှိရာ ဗိုလ်စွဲနိုင်ရေးအတွက် အလားအလာကောင်းပင်ဖြစ်သည်။

ဆွီဒင်အသင်း

အဝါရောင်ဆွီဒင်အသင်းသည် အုပ်စု(ဂ)၌ ပါဝင်ခဲ့ပြီး ဘူဂေးရီးယားအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အီတလီနှင့် တစ်ဂိုးစီသရေ၊ ဒိန်းမတ်နှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ ဆွီဒင်အသင်းသည် သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ (၅)မှတ်ဖြင့် အုပ်စုပထမရရှိကာ ကွာတားဖိုင်နယ်တက်ရောက်လာခြင်းဖြစ်သည်။ အီတလီ၊ ဒိန်းမတ်တို့နှင့် (၅)မှတ်စီတူညီခဲ့သော်လည်း ဂိုးကွာခြားချက်အသာဖြင့် အုပ်စုပထမရရှိခဲ့ခြင်းဖြစ်သည်။

ဆွီဒင်အသင်းသည် သုံးပွဲတွင် ရှစ်ဂိုးသွင်းပြီး သုံးဂိုးအသွင်းခံခဲ့ရသည်။ အုပ်စုပွဲစဉ်များ၌ အင်္ဂလန်နှင့်အတူ ဂိုးအများဆုံးသွင်းနိုင်သောအသင်းဖြစ်သည်။ ဆွီဒင်အသင်းအတွက် ဂိုးများကို ဟင်းနရစ်လာဆင်က သုံးဂိုး၊ အီဗရာဟီမိုဗစ်က နှစ်ဂိုး၊ ယွန်းဘတ်၊ ဂျွန်ဆင်နှင့် အလာဘက်စ်တို့က တစ်ဂိုးစီ သွင်းယူပေးသည်။ ဆွီဒင်အသင်းသည် ဂိုးသွင်းစွမ်းရည် ထက်မြက်ပြီး နောက်တန်းအားလည်းကောင်းသည်။ ဆွီဒင်အသင်း၏ ကစားဟန်သည် ပရိသတ်မျက်စိထဲ စွဲထင်စေလောက်အောင် လျင်မြန်မှုနှင့် အင်အားသုံးကစားတတ်သည်။

ပွဲပယ်ခံရသူ

ဆွီဒင်အသင်းမှ နောက်တန်းလူ အက်ဒ်မန်းသည် နှစ်ဝါထိထားသောကြောင့် ကွာတားဖိုင်နယ်ပွဲစဉ်၌ ပါဝင်ကစားခွင့်ရမည်မဟုတ်ပေ။ အလယ်တန်းလူ လင်ဒရော့သ်(အဲဗာတန်)သည် ဒိန်းမတ်နှင့်ပွဲတွင် ပွဲပယ်ခံထားရသော်လည်း ပြစ်ဒဏ်စေ့သွား၍ ဟော်လန်နှင့်ပွဲ ကစားခွင့်ရမည်ဖြစ်သည်။ နောက်တန်းလူ အက်ဒ်မန်းနေရာတွင် နံရိုးဒဏ်ရာပျောက်ကင်းသက်သာစပြုနေသည့် တက်ဒီလူဆစ်နှင့် အစားထိုးဖွယ်ရှိသည်။ အလယ်တန်းလူ ကယ်စရွန်းနှင့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်တို့ အဝါကတ် တစ်ကြိမ်စီ ရှိထားသည်။

ဆွီဒင်နည်းပြ

ဆွီဒင်အသင်းကို နည်းပြနှစ်ဦး ပူးတွဲတာဝန်ယူနေရာ တွမ်မီဆိုဒါဘာ့ချ်နှင့် လာဂျာဘတ်တို့ဖြစ်သည်။ အဓိက နည်းစနစ်ပိုင်းချမှတ်ရာတွင် လာဂျာဘတ်က တာဝန်ယူထားသည်။ ယူရို ၂၀၀၄ ပြိုင်ပွဲဝင်အသင်းများ၏ နည်းပြများထဲတွင် လာဂျာဘတ်သည် အသင်း၏ သက်တမ်းအရှည်ဆုံး နည်းပြဖြစ်သည်။

အရည်အသွေးကောင်း

အဝါရောင် ဆွီဒင်အသင်းသည် ၁၉၉၄ ခုနှစ် အမေရိကန်ကမ္ဘာ့ဖလားပွဲတွင် တတိယဆုရရှိခဲ့သည့် အစဉ်အလာရှိခဲ့သလို လက်ရှိအသင်းသည်လည်း ကမ္ဘာ့ဖလား တတိယဆုရအသင်းကဲ့သို့ အရည်အသွေးကောင်းသော ဘောလုံးသမားများ ပါဝင်လျက်ရှိသည်။ အလယ်တန်းမှ ယွန်းဘတ် (အာဆင်နယ်)သည် အထူးခြေစွမ်းပြကာ အသင်းကို ဦးဆောင်ကစားနိုင်သည်။ ရှေ့တန်းမှ ဂျွန်ဆင်(ဘရွန်ဘီ)၊ လာဆင်(ဆဲလ်တစ်)၊ အီဗရာဟီမိုဗစ်နှင့် အောလ်ဘတ်တို့ အားလုံးဂိုးသွင်းစွမ်းရည်ထက်မြက်ကြသည်။

ဆွီဒင်အသင်းသည် ၄-၁-၃-၂ ပုံစံလူနေရာချထားမှုဖြင့် တိုက်စစ်ခံစစ်မျှတအောင် ကစားတတ်သည်။ ယူရို ၂၀၀၄တွင် တစ်ဦးချင်းရောအသင်းလိုက်ပါ ကောင်းသည့်အသင်းကို ပြပါဆိုလျှင် ဆွီဒင်အသင်းကို ပြရပေလိမ့်မည်။ ဂိုးသမားအီဆစ်ဆင် လက်စွမ်းပြနိုင်သလို နောက်တန်းမှ လူဆစ်၊ မဲလ်ဘတ်နှင့် ဆဗင်ဆင်တို့ ဖျက်အား၊ ပို့အားကောင်းသည်။ အလယ်တန်း၌ ယွန်းဘတ်၊ မီခေးလ်နယ်လ်ဆင်နှင့် ကယ်စရွန်းတို့ လုပ်အားနှုန်းကောင်းပြီး တိုက်စစ်ကိုလိုက်ပါကစားနိုင်သည်။ ရှေ့တန်းမှ လာဆင်နှင့် အီဗရာဟီမိုဗစ်တိုက်စစ်အတွဲသည် အတွဲအညီဆုံးဖြစ်သည်။

နှိုင်းယှဉ်သုံးသပ်ရသော်

ဟော်လန်နှင့်ဆွီဒင်ပွဲသည် ပေါ်တူဂီနှင့် အင်္ဂလန်ပွဲကဲ့သို့ပင် ကြည့်ကောင်းမည့်ပွဲတစ်ပွဲဖြစ်လာနိုင်သည်။ ဟော်လန်အသင်းသည် ယခင်က ၄-၄-၂ အထိုင်ကစားသော်လည်း အုပ်စုပွဲစဉ်များတွင် နစ္စတယ်ရှိုင်းကို အထောင်ထားပြီး Lone Striker အဖြစ်ကစားစေခဲ့သည်။ ဟော်လန်အသင်းသည် ၄-၃-၂-၁ပုံစံဖြင့် တိုက်စစ်ဦးစားပေးကစားရာ ဟော်လန်အသင်းဘောလုံးရလျှင် အလွန်ကြည့်၍ကောင်းပြီး တစ်ဖက်နောက်တန်းခန့်မှန်းရခက်လောက်အောင် ဖန်တီးကစားတတ်သည်။ နှစ်သင်းစလုံး တိုက်စစ်ဦးစားပေးကစားကြမည်ဖြစ်၍ ဘောလုံးရသပေးနိုင်မည့်ပွဲဖြစ်သည်။

ဟော်လန်နှင့်ဆွီဒင်တို့သည် အစဉ်အဆက်ခြေကွာလှသော အသင်းများမဟုတ်ကြပေ။ ဟော်လန်နှင့် ဆွီဒင်တို့ ၁၈ကြိမ် ဆုံတွေ့ခဲ့ရာ ဟော်လန်က ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံးခဲ့သည်။ ၁၉၈၃ခုနှစ်တွင် နောက်ဆုံးဆုံတွေ့ခဲ့ကြရာ ဆွီဒင်က ဟော်လန်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲတွင် နှစ်သင်းစလုံး အခွင့်အရေးဆတူရရှိနေကြသည်။

ဟော်လန်ကိုပိုကြိုက်

ယူရို ၂၀၀၄အုပ်စုပွဲစဉ်များတွင် ဟော်လန်အသင်းကစားပုံကို မကြည့်ရမီက ဆွီဒင်ကစားပုံကို အားရမိခဲ့သည်။ သို့သော်လည်း ဟော်လန်အသင်းကစားပုံကို မြင်ရပြန်သောအခါ ဟော်လန်ကစားပုံကိုလည်း သဘောကျမိပြန်သည်။ သူတို့နှစ်သင်း လာဆုံကြပြီဆိုသောအခါ ဟော်လန်အသင်းကို ပို၍ အလေးပေး စဉ်းစားမိသည်။ ဟော်လန် အလယ်တန်းမှ အဂ္ဂါဒေးဗစ်နှင့် ဆီးဒေါ့ဖ် တို့၏ ဘောလုံးအဖျက်နှင့် တိုက်စစ်၌ လိုက်ပါကစားပုံကို မျက်စိထဲ၌ စွဲနေသည်။ နစ္စတယ်ရှိုင်း၏ ကြိုသလို အဆုံးသတ် ဂိုးသွင်းပုံကို တအံ့တသြ ဖြစ်ခဲ့ရသည်။

ဆွီဒင်မှ ယွန်းဘတ်နှင့် နယ်လ်ဆင်တို့ထက်စာလျှင် အဂ္ဂါဒေးဗစ်နှင့် ဆီးဒေါ့ဖ်က ပို၍ ကစားအားကောင်းမည်ဟုထင်မိသကဲ့သို့ နစ္စတယ်ရှိုင်းနှင့် ရော့ဘင်တို့က လာဆင်နှင့် အီဗရာဟီမိုဗစ်တို့ထက် ဂိုးသွင်းသေချာလေမလားဟု အကြိုက်ကို အခြေခံ၍ တွေးမိသည်။ ပွဲကြိုခန့်မှန်းချက်ထုတ်ကြည့်ရမည် ဆိုသောအခါ လိမ္မော်ရောင် ဟော်လန်တို့က အဝါရောင် ဆွီဒင်တို့ကို ဖုံးလွှမ်းကာ အောင်ပွဲခံ အနိုင်ယူလေမလားဟု ထင်မြင်မိပေသည်။ ။

(မြန်မာ့အလင်း)

အိမ်ရှင်ပေါ်တူဂီက အင်္ဂလန်ကို ဘင်သံမပါဘဲအိမ်ပြန်ပို့ပြီ စကိုလာရီကို အဲရစ်ဆင်က ကမ္ဘာ့ဖလားရှုံးကြွေးမဆပ်နိုင်ခဲ့

ရန်ကုန် ဇွန် ၂၅

၂၀၀၄ ခုနှစ်ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004) ကို ပေါ်တူဂီနိုင်ငံ၌ကျင်းပလျက်ရှိရာ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပခဲ့သည်။ ဇွန် ၂၄ ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် ကွာတားဖိုင်နယ် ပွဲစဉ်(၁)အဖြစ် အိမ်ရှင်ပေါ်တူဂီအသင်းနှင့်အင်္ဂလန်အသင်းတို့ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီအသင်းက ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အင်္ဂလန်အသင်းသည် ပေါ်တူဂီအသင်းကိုဦးဆောင်ဂိုးသွင်းပြီး တစ်ဂိုးအသာဖြင့် ကစားခဲ့ရာ ဒုတိယပိုင်းပြီးခါနီးမှ ချေပဂိုးပြန်ပေးလိုက်ရသည်။ အင်္ဂလန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး သုံးမိနစ်အကြာတွင် ပေါ်တူဂီအလယ်တန်းလူ ကော်စတင်ညာ ဂိုးသမားထံ ခေါင်းတိုက်၍နောက်ပြန်ပေးသည့် ဘောလုံးကို မိုက်ကယ်အိုဝင်က ပြေးလိုက်သွားပြီး ဂိုးသမားကို ကျော်ပေးထားသည့် အနေအထားမှ ကန်သွင်းယူခြင်းဖြစ်သည်။ အင်္ဂလန်အသင်းမှ အထူးအားထားရသော တိုက်စစ်မှူးဝိန်းရူနီသည် ခြေထောက်ဒဏ်ရာရရှိသဖြင့် ပွဲချိန် ၂၇မိနစ်တွင် ဗက်ဆဲလ်နှင့် လူစားလဲလိုက်ရသည်။

ချေပဂိုးသွင်း

အင်္ဂလန်အသင်းသည် တစ်ဂိုးအသာဖြင့် ဦးဆောင်နေပြီးနောက် ဒုတိယပိုင်းတွင် ပေါလ်စခိုးအစားဂယ်ရီနဗီးလ်၊ စတီဗင်ဂျာရတ်အစားအိုဝင်ဟားဂရေ့စ် တို့ကို လူစားလဲကစားခဲ့သည်။ အင်္ဂလန်အသင်းသည် ဒုတိယပိုင်းတွင် ခံစစ်ကစားကွက်ကို ပြောင်းကာ တန်ပြန်တိုက်စစ်ဖြင့် ကစားသွားသည်။ အင်္ဂလန်အသင်းက ဘောလုံးရလျှင် ရှေ့တန်းမှ အိုဝင်နှင့် ဗက်ဆဲလ်တို့ထံ ဘောလုံးပေးပို့ပြီး ဂိုးရရှိရေး ကြိုးစားသော်လည်း ပေါ်တူဂီနောက်တန်းလူများကို မကျော်နိုင်ခဲ့ပေ။

ပေါ်တူဂီအသင်းသည် အသင်းခေါင်းဆောင်လူးဝစ္စဖီဂိုအစား ပိုစတီဂါ၊ ကော်စတင်ညာအစား ဆီမာအို၊ ရိုမီဂွယ် အစား ရူအီကော် စတာတို့ကိုထည့်ကာ တိုက်စစ်အား မြှင့်တင်ခဲ့သည်။ ပေါ်တူဂီအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ဆီမာအို ဂိုးရှေ့အမြောက်ကန်ပို့သည့် ဘောလုံးကို ပိုစတီဂါက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။

အိမ်ရှင်ပေါ်တူဂီနှင့် အင်္ဂလန်ပွဲတွင် ပေါ်တူဂီအသင်းအတွက် ပယ်နယ်တီအနိုင်ဂိုးကို ဂိုးသမားရီကာဒိုက ဤသို့သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ငွေဂိုးစနစ်

၁၉၉၆ ခုနှစ် ဥရောပဖလားပွဲနှင့် ၂၀၀၀ ပြည့်နှစ် ဥရောပဖလားပွဲတို့၌ ရွှေဂိုးစနစ်ကို ကျင့်သုံးခဲ့သော်လည်း ယူရို ၂၀၀၄ ပြိုင်ပွဲတွင် ငွေဂိုးစနစ်ကို စတင်ကျင့်သုံးရာ အင်္ဂလန်အသင်းက ငွေဂိုးစနစ်၏ အရသာကို ပထမဆုံး ခံစားခွင့်ရရှိခဲ့သည်။

ပွဲချိန် မိနစ် ၉၀ ပြည့်သည်အထိ တစ်ဂိုးစီသရေဖြစ်နေ၍ အချိန်ပို ဆက်ကစားရာ အချိန်ပို ဒုတိယပိုင်း ပွဲချိန် ၁၁၀ မိနစ်တွင် ပေါ်တူဂီအသင်းအတွက် ရူအီကော်စတာက ဒုတိယဂိုး သွင်းယူခဲ့သည်။ ငွေဂိုးစနစ်အရ ပွဲချိန် ပြည့်သည်အထိ ဆက်ကစားရာ ပွဲချိန် ၁၁၅ မိနစ်တွင် အင်္ဂလန်အသင်း အတွက် ချေပဂိုးကို ဖရန့်လမ်းပတ်က သွင်းယူခဲ့သည်။ အချိန်ပို မိနစ် ၃၀ ပြည့်သည်အထိ နှစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီသို့ ခရီးဆက်ခဲ့ရသည်။

ပယ်နယ်တီကန်

ပယ်နယ်တီ ငါးလုံးစီကန်သွင်းရာတွင် အင်္ဂလန်အသင်းမှ မိုက်ကယ်အိုဝင်၊ ဖရန့်လမ်းပတ်၊ ဂျွန်တယ်ရီနှင့် အိုဝင်ဟားဂရေ့စ်တို့ ဂိုးဝင်ပြီး ဒေးဗစ်ဘက်ခမ်း၏ ကန်ချက် ဂိုးဘားတန်းပေါ်မှ ကျော်သွားခဲ့သည်။ ပေါ်တူဂီအသင်းမှ ဒေကို၊ဆီမာအို၊ ခရစ္စတီယာနိုရော်နယ်ဒိုနှင့် မန်နစ်ချ်တို့ ဂိုးဝင်ပြီး ရူအီကော်စတာ၏ကန်ချက် ဂိုးဘားတန်းပေါ်မှ ကျော်သွားသည်။

ခြောက်လုံးမြောက် ပယ်နယ်တီ ကန်ရာတွင် အင်္ဂလန်မှ အက်ရှလေကိုးလ်နှင့် ပေါ်တူဂီမှ ပိုစတီဂါတို့ နှစ်ဦးစလုံး ဂိုးဝင်ကြသည်။ ခုနစ်ဂိုးမြောက် ပယ်နယ်တီကန်ရာတွင် အင်္ဂလန်မှ ဗက်ဆဲလ်ကန်သွင်းသော ဘောလုံးကို ပေါ်တူဂီဂိုးသမား ရီကာဒို ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။ ပေါ်တူဂီအတွက် ဂိုးသမား ရီကာဒိုကပင် ကန်သွင်းရာ ဂိုးဝင်သွားသဖြင့် အိမ်ရှင်ပေါ်တူဂီအသင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

(မြန်မာ့အလင်း)

လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းဆင်း

ရန်ကုန် ဇွန် ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် လက်ထောက် မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းညိမ်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး သင်တန်းတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများအား ဆုများ အသီးသီးပေးအပ်သည်။ ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းက သင်တန်းဆင်း အောင်လက်မှတ်နှင့် သင်တန်းနည်းပြ ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြော

ရန်ကုန် ဇွန် ၂၅

ဗဟန်းမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးနှင့် HIV/AIDS ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၄ရက်က ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကျင်းပရာ မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်ဆန်းက မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ်အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း အတွင်းရေးမှူး ဦးစန်းဦးက ဖိုတိုလစ်သိုစက်ရုံ စာကြည့်တိုက်သို့ ကျန်းမာရေးပညာပေး စာအုပ်များလှူဒါန်းရာ စက်ရုံဌာနခွဲမှူး ဦးထွန်းရွှေကလက်ခံရယူကြောင်း သိရသည်။ **(က–ပ)**

စူပါသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၅

မထင်မှတ်ဘဲ သရုပ်ဆောင်ဖြစ်လာတဲ့ ဆုမြတ်ရွှေစင်၊ မြန်မာပရိသတ်ကိုပထမဦးဆုံးမိတ်ဆက်ခဲ့တဲ့ ကိုရီးယား သရုပ်ဆောင်မာရီနေး၊ ရုပ်ရှင်ဘောလုံးအသင်းရဲ့ ငှက်မြန်လေး ပိုင်ဇေရဲထွန်း၊ ဂရေဟာမ်နှင့် သူ့ဘဝ၊ သူ့အတွေး၊ သူ့အနုပညာ၊ မျိုးစန္ဒီကျော် ဗွီစီဒီမရိုက်ဖြစ်တဲ့အကြောင်း၊ နေမျိုးဆေးနဲ့ ယူရို ၂၀၀၄၊ ငြိမ်းမင်းနှင့် မေးခွန်းတစ်ခု၊ စင်ရော်မောင်မောင် ကားထုပ်ပိုက်ပြန်လာမယ့်နေ့၊ နာမည်ကျော် ကိုရီးယား သရုပ်ဆောင်တွေရဲ့ ငယ်ဘဝ ပုံရိပ်လွှာစသောပြည်တွင်း၊ပြည်ပ ရုပ်ရှင် ဂီတအနုပညာရှင် စူပါတို့၏ ဘဝအလှဒဿနများကို စုစည်းဖော်ပြထားသည့် စူပါသတင်းဂျာနယ်အား ဆင်တောင်ကြီးစာပေ အမှတ်၄၁၊ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က–ပ)**

တရုတ်ဆေးခန်း

တူယီ (ပုံမပီသ၍ ဖတ်မရ)

ငွေရတုမင်္ဂလာဆုတောင်းလွှာ

အချစ်ဆုံးဖေကြီး **ဦးခင်မောင်မြင့် (မြန်မာ့အလင်း)** နှင့် အချစ်ဆုံးမေကြီး **ဒေါ်ခင်အေးကြူ (မေသက်ခင်အထည်ချုပ်လုပ်ငန်း)** တို့၏ ၂၆–၆–၂၀၀၄ရက်တွင်ကျရောက်သော(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာရက်များသို့တိုင် **အချစ်ဆုံးသမီး**နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ အေးချမ်းပျော်ရွှင်စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီး– **ဆုရတနာထွန်း** (Pinky)၊ အထက–၁၊ဒဂုံ
မေသက်ခိုင်အထည်ချုပ်မိသားစု–ဦးကံ၊ မင်းမင်း၊ အေး၊ စန်း၊ ဦး၊ ခိုင်၊ နိုင်၊ ယင်းမာ(၁)၊ မျိုး၊ နန္ဒာ၊ သက်၊ ယင်းမာ(၂)၊ လင်း၊ သွယ်၊ နီလာ၊ ဝေ၊ ဝိုင်း၊ သဲ၊ ဇင်။

ကွယ်လွန်သူ ဦးကြည်စိန်(ထားဝယ်) အား ရည်စူး၍ ကျန်ရစ်သူမိသားစုကိုယ်စား အမှတ်(၅၈၀/ E-2) ရွှေနှင်းဆီလမ်း မရမ်းကုန်းမြို့နယ်နေ သားဖြစ်သူဦးမြတ်ဆုမိသားစုက မြောက်ဥက္ကလာပဆေးရုံကြီး သံဃာ့ဆေးကုသဆောင်အတွက် ဆေးရုံသုံးခုတင်၊ မွေ့ရာ၊ လမ်းလျှောက်ကိရိယာ၊ ဆေးမျိုးစုံ ငွေကျပ် ၇၀၀၀၀၀ဖိုးကို ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အရည်အသွေးမှာ ထိပ်တန်း

ကြာပါးခိုင် ဝါဆိုသက်နှ်း

ကြာပါးခိုင် သင်္ကန်းဆိုင်

အမှတ် (၈၃) ...
အမှတ် (၅၉) ...
အမှတ် (၈၅) ...
အမှတ် (၁၅၅) ...

ရွှေမန်းမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရှေးကြီးသည် – ဝါဆိုလဆုရဘွဲ့ ...

(ပုံမပီသ၍ ဖတ်မရ)

သင်ရွှေဆိုင်ဖွင့်လိုပါသလား?

(ပုံမပီသ၍ ဖတ်မရ)

ဇွန်၂၃ရက်က ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းအပ်နှံရေးအတွက် သဃ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် အမှတ် (၃၂) မူလတန်းကျောင်းတွင် CB ဘဏ်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဇနီး ဒေါ်ဝင့်ရည်အေးတို့က အလှူငွေကျပ် ၃၀၀၀၀၀ ပေးအပ်လှူဒါန်းရာ အလှူရှင်ကိုယ်စား ဦးလှမော်က ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းသို့ လွှဲပြောင်းပေးအပ်စဉ်။ (က–ပ)

ဦးခင်တိုးနှင့်အများသိစေရန်ကြေညာချက်အားပြန်လည်ရုပ်သိမ်းခြင်း

၁၃–၆–၂၀၀၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၄)ပါ ဦးခင်တိုးနှင့် အများသိစေရန်ကြေညာချက်ပါ မစ်ဆူဘီရှီလင်ဆာ (အစိမ်းရောင်) ယာဉ်အမှတ် ကက/၁၄၈၉နှင့်ပတ်သက်၍ ကျွန်မ ဒေါ်အေမီလေးမှ ကန့်ကွက်ထားခြင်းကြေညာချက်ကို ယနေ့မှစ၍ ကျွန်မ၏သဘောဆန္ဒအရ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အေမီလေး
X/RGN-009992

ပြန်လည်ဖြေရှင်းချက်

၁–၄–၂၀၀၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ မသက်ဆိုင်ပါကြောင်းကြော်ငြာသည် မခင်ခင်စိုး၏ တစ်ဖက်သတ် စွပ်စွဲချက်သာဖြစ်ပါသည်။ ကျွန်တော်သည် ဇနီး မခင်ခင်စိုးနှင့် သမီး မနှင်းနီလာတို့အပေါ် ယနေ့တိုင် တာဝန်ဝတ္တရားပျက်ကွက်ခဲ့ခြင်းမရှိပါကြောင်း အများသိစေရန် ပြန်လည်ဖြေရှင်းပါသည်။ **ကိုမောင်ခိုင် ၁၀/မလမ(နိုင်)၀၁၈၀၈၃။**

သွာနုတ္တသားအဖြစ်မှ အမွေပြတ်ကြေညာခြင်း

ကျွန်တော်၏ဒုတိယသားအရင်းဖြစ်သူ ဦးမြင့်ဝင်း ၁၂/ရကန(နိုင်)၀၅၄၂၅၅ (အတူနေ)သည် ဖခင်အား နည်းမျိုးစုံဖြင့် လိမ်လည်ဖြားယောင်း၍ ကတိကဝတ်များပေးပြီး ကျွန်တော်၏ခြံမြေအား မေတ္တာဖြင့်ပေးကမ်းခြင်းကိုရယူပြီး လပိုင်းအတွင်း ၄င်း၏ဇနီးအား ထပ်ဆင့်လွှဲပြောင်းပေးခြင်း၊ ကတိကဝတ်များပယ်ဖျက်ပြီး ၄င်းခြံမြေအတွင်း မနေနိုင်အောင်ဆောင်ရွက်ခြင်း၊ ဦးမြင့်ဝင်းသည် ဖခင်ဖြစ်သူ အားစိတ်ဆင်းရဲကိုယ်ဆင်းရဲစေရန် ဒုက္ခအကြိမ်ကြိမ်ပေးပါသဖြင့် သွာနုတ္တသားအဖြစ်သတ်မှတ်ပြီး ယနေ့မှစ၍ အမွေပြတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)
ဦးစိန်ဝင်း(အငြိမ်းစားဗိုလ်ကြီး) ၁၂/ရကတ(နိုင်)၀၃၇၉၁၀
အမှတ် ၂၊ မြရတနာလမ်း၊၁၆ရပ်ကွက် ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

ဦးဝေလင်း

မိ ခွင့်လွှတ်တယ်။
အမြန်ပြန်လာပါ။
အားလုံးအဆင်ပြေစေရမယ်။
မြင့်ဝေ။

FAME

Herbigesic®

ကုန်တံဆိပ်နှင့် ထုတ်လုပ်မှုအမှတ်များကို သတိပြုကြရန်

ရန်ကုန်မြို့ GENERAL PAINTS & CHEMICAL CO.,LTD

BOSNY-AEROSOL SPRAY PAINT



REG:No. 2390/96

ယင်းကုန်စည်တံဆိပ်နှင့် ထုတ်လုပ်မှုအမှတ်များကို သတိပြုဝယ်ယူ သုံးစွဲကြစေလိုပါသည်။ ယင်းကုန်စည်တံဆိပ်နှင့် ထုတ်လုပ်မှုအမှတ်များကို အတုအပ ပြုလုပ်ခြင်း၊ ဆင်တူရိုးမှားပြုလုပ်ခြင်း၊ တရားမဝင် ဆင်တူရိုးမှားတံဆိပ်အား ဝယ်ယူရောင်းချခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖြန့်ဖြူးရောင်းချခြင်းများကို မပြုလုပ်ကြရန်နှင့် သို့ပါလျက်မှ ယင်းသို့ပြုလုပ်ကြသည်ရှိသော် သက်ဆိုင်ရာ ဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါသည်။

ညွှန်ကြားချက်ဖြင့်– **ဦးသန်းအောင် (ဝိဇ္ဇာဘွဲ့နှင့်ဥပဒေဘွဲ့ရ)**
တရားရုံးချုပ်ရှေ့နေ – ၁၃၆၇
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စပါးတိုက်ရိုက်အစေ့ချပြိုင်ပွဲဆုချီးမြှင့် မြိတ်နှင့်ထားဝယ်ခရိုင်အတွင်းဖွံ့ဖြိုးရေးများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၅

တနင်္သာရီတိုင်းမြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ တနင်္သာရီတိုင်း တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန်၂၁ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကိုသက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားကာ ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြိတ်မြို့မှ မြို့ရှောင်ကွင်းလမ်း ဖြစ်သည့် မြိတ်–ကျွဲကူး–ကျောက်ဖျာ–သပွတ်–ပင်းအို–ဒေါ–ပပြင်–ဘုတ်ခြိလမ်းမှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ လမ်းတစ်လျှောက် မော်တော်ယာဉ်များ သွားလာနိုင်အောင် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင်အမှတ် ၁၁/၁ အလယ်ချောင်ကျေးရွာ ရွာလယ် ဘောလီတံတားသို့ရောက်ရှိကြပြီး ယခင် သစ်သားတံတားအစား ဘေလီတံတားအဖြစ် အဆင့်မြှင့် တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ရှောင်ကွင်းလမ်းမှ မြိတ်–ထားဝယ်လမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး မြိတ်ခရိုင် ပုလောမြို့နယ် မကျည်းကုန်းကျေးရွာ တောင်သူဦးတင်မြင့်၏ အကွက် အမှတ်(၆၂–ဃ) လေးဧက၌ စပါးတိုက်ရိုက်အစေ့ချသရုပ်ပြ စိုက်ပျိုးပွဲနှင့် တိုက်ရိုက်အစေ့ချပြိုင်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

စပါးတိုက်ရိုက်အစေ့ချပြိုင်ပွဲကျင်းပ

ထို့နောက် စပါးတိုက်ရိုက်အစေ့ချပြိုင်ပွဲကို ကျင်းပရာ မကျည်းကုန်းကျေးရွာအုပ်စု၊ နန်းတောင် ကျေးရွာအုပ်စု၊ တိုကျေးရွာအုပ်စုနှင့် တောင်ယာကမ်းကျေးရွာအုပ်စုတို့မှ ပြိုင်ပွဲအသင်းများက သတ်မှတ်လယ်မြေများ၌ ကြိုးတန်းဆွဲလက်ဖြူးချ စနစ်ဖြင့် စပါးတိုက်ရိုက်အစေ့ချပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြိတ်ခရိုင်ပုလောမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တနင်္သာရီတိုင်း ဒေသဝမ်းစာဖူလုံရေးအတွက် တိုက်ရိုက်အစေ့ချစိုက်ပျိုးမှုနည်းပညာဖြင့် စပါးစိုက်ပျိုးကြရေး၊ စပါးအထွက်နှုန်း တိုးတက်ရေးအတွက် ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားပြီး တိုက်ရိုက်အစေ့ချပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆုလက်ဆောင်ပေးအပ်

ဆက်လက်၍ ဆုပေးပွဲ အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ ပေါင်ဖော်ကြဲပက် စနစ်ကို သရုပ်ပြသည့် အဖွဲ့အား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲမှ အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်က ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ပြီး စပါးတိုက်ရိုက်အစေ့ချပြိုင်ပွဲတွင် အထူးဆုရရှိကြသည့် တောင်ယာကမ်းကျေးရွာအုပ်စုအသင်းနှင့် နန်းတောင်ကျေးရွာအုပ်စု အသင်းတို့မှ အသင်းခေါင်းဆောင်များအား ဆုလက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က ဒုတိယဆုရမကျည်းကုန်းကျေးရွာအုပ်စုအသင်းခေါင်းဆောင်အား ဆုလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပထမဆုရ တိုကျေးရွာအုပ်စု အသင်းခေါင်းဆောင်အား ဆုလက်ဆောင်နှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။



ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ပုလောမြို့သို့ ရောက်ရှိကြပြီး ခုတင်(၅၀)ဆံ့ ပုလောပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပုလောဆေးရုံရှိ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ အမျိုးသမီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ သားဖွားလူနာဆောင်၊ သွားနှင့်ခံတွင်း ရောဂါကုဌာနနှင့် ဆေးစတိုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော ပြည်သူများအား အားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ဗလာစာအုပ်များနှင့် ဗင်းတိတ်ချ်ကုမ္ပဏီမှ ဦးသန်းအောင် လှူဒါန်းသော တိုးချဲ့စာသင်ဆောင်အတွက် ငွေကျပ်၁၀သိန်းတို့ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ပြီး ကျောင်းအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းစီမံပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပုလောမြို့ ကမ်းရိုးတန်းရတနာခန်းမ၌ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ တိုင်းဒေသဝမ်းစာဖူလုံရေးဆိုင်ရာများကို မှာကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ဒေသဝမ်းစာဖူလုံရေး အတွက် စိုက်ပျိုးရေးဆောင်ရွက်ချက်များနှင့် ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်အခွန့် ရှည်တည်တံ့ခိုင်မြဲစေရန်၊ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အင်တိုက်အားတိုက် ကြိုးစားရမည့်အချိန်ဖြစ်ကြောင်း၊ တိုင်းတစ်ပါး၏ ဩဇာလောင်းရိပ်ကင်းရှင်းစွာ နိုင်ငံတကာ့အလယ်တွင် တင့်တယ်စွာရပ်တည်နိုင်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးစားရမည့်အချိန်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စုစည်းညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် ရရှိထားပြီးဖြစ်သော အခြေခံကောင်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန်နှင့် ပြည်သူတစ်ရပ်လုံး၊ လူထုလူတန်းစားအဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် မော်တော်ယာဉ်များဖြင့် ပုလောမြို့မှ မြိတ်–ထားဝယ်လမ်းအတိုင်း ထွက်ခွာကြရာ ပုလောမြို့အထွက်၌ ပေအရှည်၆၀၀ရှိ ပုလောဘေလီချောင်းကူးတံတားသို့ ရောက်ရှိကြပြီး တံတားခိုင်ခံ့မှု အခြေအနေ၊ချောင်းရေစီးဆင်းမှုအခြေအနေနှင့် တံတားဖြတ်ကျော်ခ ကောက်ခံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မြိတ်–ထားဝယ်လမ်းအတိုင်းမော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ရဲကျေးရွာသို့ရောက်ရှိကြပြီး ရဲကျေးရွာ စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးပွဲသရုပ်ပြ အခမ်းအနားသို့ တက်ရောက်ကြည့်ရှု၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရဲကျေးရွာရှိ တယ်လီဖုန်းအိတ်ချိန်းရုံးသို့ သွားရောက်၍ ရဲကျေးရွာမှ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ တယ်လီဖုန်းဆက်သွယ်နိုင်မှုအခြေအနေများကို လက်တွေ့ စမ်းသပ်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရဲကျေးရွာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ညပိုင်းတွင် တနင်္သာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလှည့်လည်ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်တွင် ပလောက်မြို့နယ် နန်းတောင်ကျေးရွာအခြေခံပညာ မူလတန်းကျောင်း တည်ဆောက်ရန် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ငွေကျပ်၁၀သိန်း၊ ပြည့်ဖြိုးထွန်း ကုမ္ပဏီမှ ဦးလှသန်း၊ ထူးထူးတိုးကုမ္ပဏီမှ ဦးဝင်းဗိုလ်၊ ဟိုင်းဖိုင်အမြန်ယာဉ်မှ ဦးစိုးဝင်းနှင့် ဗင်းတိတ်ချ် ကုမ္ပဏီမှ ဦးသန်းအောင်တို့က ငွေကျပ်၁၀သိန်းစီ စုစုပေါင်း ငွေကျပ်သိန်း၅၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

သမဝါယမနေ့ ဂုဏ်ပြုကြိုဆို

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုလီမိတက်၏ စံပြသမဝါယမအရောင်းဆိုင်၌ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆို၍ အထူးအရောင်းဆိုင်ကို ဇွန်၂၁မှ ၂၆ရက်ထိ တာမွေ လေးရပ်ကွက် လေးထောင့်ကန်လမ်းမ၌ ရောင်းချစဉ်။

(၁၁၅)

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသည့် မြို့နယ်အတွင်းရှိ အခြေခံကျောင်းပေါင်းစုံ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေး အလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန်၂၃ရက်က အင်းစိန် အထက(၁) စာသင်ဆောင်၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးရန်နောင်၊ လက်ထောက်ပညာရေးမှူး ဦးသီလှ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးအေးသိန်းနှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများ ကြီးကြပ်ကြည့်ရှုကြစဉ်။

(၀၄၆)

ဇွန် ၁၁ရက်က လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၀၃– ၂၀၀၄ခုနှစ် ပညာသင်နှစ် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို လမ်းမတော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာလီဘုန်းနိုင်က ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(က–ပ)

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး လုပ်ငန်းများကို ဇွန် ၁ ရက်က မဟာရွှေစည်ကြီး စေတီတော် မြောက်ဘက်မုခ် မျက်နှာစာတွင် ကွန်ကရစ် ပလက်ဖောင်းပြုလုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလှရွှေတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မိုးစပါးလျာထားချက် အပြည့်အဝစိုက်ပျိုးရေးဆွေးနွေး

ရွှေဘို ဇွန် ၁၀

ရွှေဘိုခရိုင်၏ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးသီးနှံလျာထားချက် အပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအစည်းအဝေးကို ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၁) ဦးဇော်ဝင်းက ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း မိုးစပါးလျာထားချက် အပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းချက်များအပေါ် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများ၊ ရွှေဘို၊ ဝက်လက်၊ ရေဦး၊ ခင်ဦး၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်ဥက္ကဋ္ဌများမှ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

ခုနစ်ရက်တရားစခန်းဖွင့်မည်

မအူပင် ဇွန် ၁၅

မအူပင်မြို့ ရေလဲကလေး မဟာဗုဒ္ဓါရာမဝိဟာရကျောင်းတိုက် ဒီဃဘာဏက ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ ပိဋကတစ်ပုံဆောင် ဆရာတော် ဘဒ္ဒန္တပညာဇောတကို ဦးထိပ်ထား၍ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယဆရာကြီး ဦးတင်ထူးက ဒုတိယဝါဆိုလဆန်း ၁ ရက်မှ ၈ ရက်အထိ ဝိပဿနာ အလုပ်ပေးတရားစခန်းကို အထက်ပါကျောင်းတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ အဆိုပါကျောင်းတိုက်သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂြိုဟ်တုတယ်လီဖုန်း ပင်လည်ဘူး၌သုံး

ပင်လည်ဘူး ဇွန် ၅

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့ မူးမြစ်ဖျား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ စီစဉ်ဆောင်ရွက်မှုဖြင့် IP Star ဂြိုဟ်တုတယ်လီဖုန်းစနစ်အား ဇွန် ၃ ရက်က တပ်ဆင်ပြီးဖြစ်၍ ဇွန် ၄ ရက်က စတင်သုံးစွဲကြသည်။

အဆိုပါဖုန်းကြောင့် ပင်လည်ဘူးမြို့နယ်၏ ဆက်သွယ်ရေးကဏ္ဍသစ်ဖွင့်ခဲ့ပြီး ဂြိုဟ်တုတယ်လီဖုန်းဝန်ဆောင်မှုကို ဖုန်းအမှတ် ၀၂-၄၄၆၁၄ ဖြင့် ဆက်သွယ်ပါက ၃ မိနစ် ကျပ် ၅၀၀၊ ဖုန်းလက်ခံသူခေါ်ယူခ (နေအိမ်) ကျပ် ၂၀၀နှုန်းဖြင့် နေ့ညဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ပြည်ပမှအဝင်သာရကြောင်း သိရသည်။ (၂၇၁)

ပုသိမ်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အပတ်စဉ် စနေနေ့တိုင်း အဖွဲ့ရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ မေ ၂၉ ရက်က မဟာဗန္ဓုလလမ်းဘေးဝဲယာရှိ ရေမြောင်းများ တူးဖော်ခြင်းကို ပုသိမ်မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးသိန်းက အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပေးအပ်

ဇွန် ၂၂ ရက်က သန်လျင်မြို့နယ် မြယာရိုးအခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းကြွယ်က စတုတ္ထတန်းမှ မရီရီခင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(က-ပ)

ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာအုပ်များပေးအပ်

သာယာဝတီ ဇွန် ၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အကျဉ်းဦးစီးဌာနမိသားစု ၂၀၀၄-၂၀၀၅ ပညာသင်စရိတ်နှင့် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက်က သာယာဝတီအကျဉ်းဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာနတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖေအောင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူ ၈၆ ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများကို တာဝန်ခံအရာရှိက အကျဉ်းဦးစီးဌာနမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စိုးမြင့်အား ပေးအပ်သည်။ **(မြို့နယ်ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဒိုက်ဦးမြို့နယ် ပျဉ်ပုံလေးကျေးရွာ တွဲဖက်အလယ်တန်းကျောင်း ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၂ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်နှင့် ပျဉ်ပုံလေးကျေးရွာဥက္ကဋ္ဌ ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဇွန် ၁၈ ရက်က ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းဥယျာဉ်နှင့် ကလေးကစားကွင်းအတွင်း စည်ပင်သာယာရေးဝန်ထမ်းများ ပန်းအလှပင်များ မြေချစိုက်ပျိုးနေမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ရေပေးဝေမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုကြည့်ရှု

ရေစကြို ဇွန် ၁၀

မကွေးတိုင်း ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရေစကြိုမြို့နယ်အတွင်းရှိ ဆင်ချောင်းရေဝေရေလဲဆည်၊ ချစ်သူရေတင်မြောင်း-အောက်အိုပရိမ်သာရေတင်မြောင်းနှင့်သုံးပန်လှရေတင်မြောင်းများသို့ သွားရောက်ကြကာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရေပေးဝေမှုနှင့် အကျိုးသက်ရောက်မှု မြေကေများ စိုက်ပျိုးထုတ်လုပ်မှုနှင့် သီးနှံအခြေအနေများ ကွင်းဆင်းကြည့်ရှုဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၅၁)**

ပေးအပ်

ဇွန် ၇ ရက်က ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စန်းလွင်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင် သားသမီးများ၏ ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ရာ ရဲမှူး(ဦးစီး) ရဲမှူးယဉ်ကြည်က လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသ ရေရရှိရေးအတွက် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာ ၁၆ ရွာတွင် တူးဖော်ပြီးစီးသည့် စက်ရေတွင်းများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ) ဦးကျော်နှင့် အဖွဲ့ဝင်များ ဇွန် ၇ ရက်က ညောင်ပင်ကြီးကျေးရွာ စက်ရေတွင်းတူးဖော်ပြီးစီးမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးသန်းဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမျိုးတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

စိတ္တသုခ လူမှုကူညီရေး စေတနာရှင်များ လှူဒါန်းနိုင်

တောင်တွင်းကြီး ဇွန် ၃

တောင်တွင်းကြီးမြို့နယ် စိတ္တသုခလူမှုကူညီရေးအသင်း နာရေးကူညီမှုမှ မေ ၂၂ ရက်ကစတင်၍ ကူညီမှုလုပ်ငန်းကို လူမျိုးမရွေး၊ ဘာသာမရွေး အခမဲ့အကူအညီတောင်းခံနိုင်ပြီး အကူအညီတောင်းခံရာတွင် ဆင်းရဲချမ်းသာမရွေး အခမဲ့ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါအသင်း ဆက်လက်ရန်ပုံငွေ ပိုမိုတောင့်တင်းလာပါက မကျန်းမာသူများ ဆေးရုံ(ကြို/ပို့) လုပ်ငန်း သီးသန့်လူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးခြင်း၊ သွေးလှူရှင်များစုစည်း၍ သွေးလှူခြင်းနှင့် ပြည်သူ့ဆေးရုံ အတွင်းလူနာများအား လိုအပ်သော ဆေးဝါးထောက်ပံ့ခြင်းတို့ကို ကုသိုလ်ယူနိုင်ရေးအတွက် နာယက ဦးဝင်းအောင် ဖုန်း- ၀၆၃-၅၀၂၆၄ နှင့် ဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း- ၀၆၃-၅၀၅၇၂ တို့သို့ စေတနာ ရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၈၉)**

သမဝါယမဘဏ် လီမိတက်

C B BANK

(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) အဖြစ်
(၁၅-၆-၂၀၀၄) ရက်နေ့မှ စတင်၍ ပေါက်ဖွားရှင်သန်လာခြင်းအတွက်
လိုက်လိုက်လှဲလှဲ ကြိုဆို ဂုဏ်ပြု အပ်ပါကြောင်းနှင့် ပိုမိုအောင်မြင်သော
C B BANK ဖြစ်လာပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဦးစိုးပိုင်(M.D)+ ဒေါ်ခင်မြတ်ဆွေ
Paing Family International Co., Ltd.

ဦးကျော်မင်း(M.D)
KB International Co., Ltd.

ပလတ်စတစ်ပုလင်း(၂)မျိုးဝယ်ယူလိုခြင်း

စဉ်	ပလတ်စတစ်ပုလင်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်နေရာ
၁။	100 ml PET Bottle (Amber Colour) (Screw Cap With Safety Ring Pilfer Proof Temper- evident Type) L.D.P.E Plastic	၃၈၀၀၀၀၀ခု (ခုရေသုံးဆယ့်ရှစ်သိန်းတိတိ)	မြန်မာနိုင်ငံဆေးဝါး လုပ်ငန်းစက်ရုံ
၂။	500 ml PET Bottle (Amber Colour) (Screw Cap With Safety Ring Pilfer Proof Temper- evident Type) L.D.P.E Plastic	၂၀၀၀၀၀ခု (ခုရေနှစ်သိန်းတိတိ)	။

တင်ဒါပိတ်ရက် - (၂-၇-၂၀၀၄) သောကြာနေ့ (၁၄း၀၀)နာရီ

မှတ်ချက်။ ။အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးရာဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။

(ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်-၆၆၃၄၈၁)

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် လယ်မြေများနှင့် မြို့လယ်ချောင်းသန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့ အတွက် မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင် ဦးဆောင်သော မြို့နယ်စည်ပင်ဝန်ထမ်းများ ဇွန် ၁၆ ရက်က လမ်းမတော်လမ်း ဈေးကြီးအနီးရှိ တံတားတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (၁၀၆)

ထောက်ပံ့ငွေပေး

ဇွန် ၁၈ ရက်က ပြည်ထဲရေးဝန်ကြီးဌာန ရှမ်းပြည်နယ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဝန်ထမ်း များ၏သားသမီးများအား ၂၀၀၄-၂၀၀၅ ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို ပြည်နယ်ရုံး တောင်ကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ် ဦးစီးမှူး ဦးနိုင်ဝင်းက ကျောင်းသူကျောင်းသားများအား ထောက်ပံ့ငွေ ပေးအပ်စဉ်။

(ခရိုင်/ပြန်ဆက်)

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ပဲခူးတိုင်း မီးသတ်စွမ်းရည်ပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဒိုင်းဆု၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် ဘက်စုံတံခွန်စိုက်ဒိုင်းဆုများရရှိသော ဖဒိုအရန်မီးသတ် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုပွဲအခမ်းအနား ဖဒိုမြို့ အမှတ်(၉၁) သစ်စက်ခန်းမ၌ ဇွန် ၃ ရက်ကကျင်းပရာ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံမှူး ဦးအောင်သိန်းသို့ တံခွန်စိုက်ဒိုင်းဆု အပ်နှင်းစဉ်။ (က-ပ)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် တောင်ပေါ်စုစံပြကျေးရွာတွင် ကျေးလက်အိမ်ရာများ တည်ဆောက်မှုကို ဇွန် ၁၁ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြာကန်ကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာနှင့် ရွာသာကျေးရွာတို့တွင် အလှူရှင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းမှ စက်ရေတွင်း ရေစက်ရုံနှင့် အုတ်ရေကန် ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်က ဇွန် ၁၀ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ရွှေနန်းထိုက် ရွှေပန်းထိမ်
စိန်ရွှေရတနာဆိုင်
SHWE NANN HTAIK (MMS) GOLDSMITH & JEWELLERY CENTRE
ဆိုင် (Show Room & Sale Centre)
E-MAIL : MMSJ.M.@mptmail.net.mm

ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဦးလှစိုး–ချစ်မေမေ ဒေါ်ခင်မာဆွေတို့၏ ၂၆–၆–၂၀၀၄ ရက်တွင် ကျရောက်သော ၂၅ နှစ်မြောက် ငွေရတုမှစ၍ ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့ပါစေ။

ချစ်သမီးကြီး – မြသီတာ A.G.T.I (EC), B.A (Eco)

ချစ်သားလေး – ကျော်ဇံအောင် 2nd MB၊ တပ်မတော်ဆေးတက္ကသိုလ်

ချစ်ညီမ – စန္ဒာမိုး B.Sc (Chem)

မင်္ဂလာဒုံမြို့နယ်
ခရေပင်ရိပ်မွန်အိမ်ရာစီမံကိန်းနှင့်ပတ်သက်သောကြော်ငြာစာ

၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် မင်္ဂလာဒုံမြို့နယ်တွင် နှစ်ထပ်လုံးချင်းတိုက် ၄၆ လုံးပါဝင်သော ခရေပင်ရိပ်မွန်အိမ်ရာ စီမံကိန်းကို တည်ဆောက်ခဲ့ရာ ၎င်းလုံးချင်းတိုက်များအားလုံး တည်ဆောက်ပြီးဖြစ်သဖြင့် ဌာနမှ တာဝန်ရှိသူများ ကိုယ်တိုင် ဝယ်ယူထားသူပိုင်ရှင်များအား လွှဲပြောင်းလက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ စီမံကိန်းလုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် ဌာနမှတာဝန်ရှိသူများ အားလုံးသည် ၃၀–၆–၂၀၀၄ ရက်နေ့တွင် စီမံကိန်းနယ်မြေမှ ပြန်လည်ထွက်ခွာတော့မည်ဖြစ်သဖြင့် ဝယ်ယူထားသူ တိုက်ပိုင်ရှင်များသည် ၃၀–၆–၂၀၀၄ ရက်နေ့ နောက်ဆုံးထားပြီး စီမံကိန်းရုံး၌ လာရောက်လွှဲပြောင်း လက်ခံဆောင်ရွက်ကြရန်နှင့် ၃၀–၆–၂၀၀၄ရက်နေ့ နောက်ပိုင်းတွင် အထက်ပါလုံးချင်းတိုက်များနှင့် ပတ်သက်သော ကိစ္စရပ်များအား တာဝန်ယူတော့မည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
စီမံကိန်းဌာနခွဲ။

ရွှေကျိုးမင်း ရွှေဆိုင်
၁၆ ပဲ၊ ၁၅ ပဲ ရွှေရည်ပြည့်ကြောင်း လုံးဝအာမခံသည်။
ဦးမြသန်း + ဒေါ်ယဉ်ထား

မွေးနေ့ဆုတောင်း
June 26,ဇနီးမောင်နှံအတွက်

ချစ်သောပါပါ ဦးစံထွန်းလှ (ဥက္ကဋ္ဌ၊ Hong Kong Nu San Co.,Ltd, MD, Myanmar Exim Joint Venture Ltd)နှင့် ချစ်သောမာမာဒေါ်စောသာနု (အုပ်ချုပ်မှု ဒါရိုက်တာ၊Hong Kong Nu San Co., Ltd)တို့၏ ၂၆–၆–၂၀၀၄ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် မွေးနေ့ပေါင်း ရာကျော်တိုင်အောင် ချစ်သော သားသမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လောကီလောကုတ္တရာအကျိုးဆောင်ရွက်ပြီး ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် တရားထူးတရားမြတ်များရရှိအောင် အားထုတ်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက်–

ချစ်သမီးများ – စောနုနုစံ
ဝင်းမြမြစံ
ချစ်သား – မင်းသိမ်းစံ(ဒါရိုက်တာ၊ Hong Kong Nu San Co.,Ltd)

အောင်မြင်ကျော်ကြားစီးပွားတိုးတက်ကုသိုလ်ဖြစ်လိုသူများအတွက်
အရှင်နန္ဒသေနာလင်္ကာရ
သာမဏေကျော် ဓမ္မာစရိယ
မဟာဓမ္မာစရိယ MA ၏
ထွန်းထွန်းတောက်ဝတ်ရွတ်စဉ်
ထွက်ပါပြီ
ဖုန်း–၅၄၅၅၁၉၊ ၅၄၈၈၉၂

“ဝါဆိုဦး”ယုဇနအထူးလျှော့ဈေး
Discount (26.6.2004 to 11.7.2004)
Up To 70%
တနင်္ဂနွေနေ့တိုင်း ညနေ(၃)နာရီ ယုဇနစင်တာ
တွင်ကျင်းပမည့် ပျော်စရာအစီအစဉ်များမှလက်ဆောင်များရယူပါ။
ယုဇနအားလုံး ပိတ်ရက်မရှိ

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်
383884

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ရတနာလမ်း၊ အမှတ် (၃၄၈) နေ ဒေါ်ရန်ရှမ်း ၁၃/ဆဆန (နိုင်) ၀၁၀၂၁၆ မှ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ မြို့ဦးလမ်း၊အမှတ် (၃၅၇)နေ ဒေါ်ထွယ်ဘောက်အား လွှဲအပ်ထားသော စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တောင်ကြီး၏ ၁၉–၉–၂၀၀၃ ရက်စွဲပါ စာချုပ်အမှတ် ၁၉၃ အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း။

ဒေါ်ရန်ရှမ်း
တောင်ကြီးမြို့။

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့ အလက(၃)၌ ပညာသင်ကြားနေသော မဇီတာ ဆာရီး (ခ) မဂျာမွန်းအောင်၊ မောင်ဖလားဖုန်တန် (ခ) မျိုးဆန်အောင်၊ မမေနင်ဇီတို့၏ ဖခင်အမည်မှန်မှာ ဦးဖလားမင် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၆၇၈၀၀ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက် အတွင်း ကညနခရိုင်ရုံး (မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး (မင်းဘူး)။

ယာဉ်မှတ်ပုံတင်(ကမ–၃)မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် ဏ/၈၀၈၉ လက်ဝယ်ရှိသူမှ မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

ပြန်လည်ရုပ်သိမ်းပါသည်

၁၈–၁၁–၉၈ မြန်မာ့အလင်းပါ သားအဖြစ်မှ စွန့်လွှတ်ခြင်း မောင်သက်နိုင်ဦး ၁၂/ပဘတ (နိုင်) ၀၀၁၇၅၈ ကြော်ငြာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါသည်။

ဒေါ်တင်တင်
၁၂/ပဘတ(နိုင်) ၀၂၇၉၈၁
၁၈/၁၃၄ လမ်း၊ ဆဋ္ဌမထပ်၊
မအူကုန်း၊ ရန်ကုန်။

တစ်နှစ်ပြည့်အလွမ်း
ဒုရဲမှူးဝင်းမြင့်(ပခုက္ကူ)

ဖေဖေ ကွယ်လွန်သည့် တစ်နှစ်ပြည့်နေ့တွင် သံဃာတော်အရှင်မြတ်များအား ဆွမ်းသင်္ကန်းလှူဒါန်းကုသိုလ်ပြုပါသည်။ ရောက်ရာဘုံဘဝမှ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ချစ်မေမေ–ဒေါ်အုန်းကြည်
(ဦးအောင်ကျော်ဦး)–နွယ်နွယ်ဝင်း
ဗိုလ်မှူးထွန်းလင်းဦး–သွယ်သွယ်ဝင်း
တင်လဲ့လဲ့ဝင်း
ဝင်းကိုကို၊ အိအိစိန်၊ တင်အိအိဝင်း၊
ဗိုလ်ဝင်းညီညီနှင့်မြေးများ။

လိပ်ခေါင်း၊ဂရင်ဂျီနာ ဇအိုနာ၊ အကျိတ်ဖြစ်သူများ

ဦးအောင်မြင့် (သုံးဆယ်)
(အငြိမ်းစား၊ အမှုဆောင်အရာရှိ၊ ယခင်ကုန်သွယ်ရေး–၁)
အသက်(၈၂)နှစ်

ပဲခူးတိုင်း၊ သုံးဆယ်မြို့နေ (ဦးဘိုးဦး–ဒေါ်ဒေါ်စော)တို့၏သား၊ ဘိုကလေးမြို့နေ (ဦးဘရှင်–ဒေါ်လှရင်)တို့၏ သားသမက်၊ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်း၊ ဒေါက်တာအေးအေးမြင့်(ကလေးအထူးကု)၊ ဦးကောင်းဇော်မြတ်၊ ဒေါ်သူဇာ၊ ဦးလှမြင့်၊ ဒေါ်သီဂီမြင့်၊ ဦးသော်တာမြင့်၊ ဒေါ်ဝါဝါစိုးတို့၏ဖခင်၊ မခင်ဇာလင်း၊ မပြည့်ပြည့်သက်ထူးတို့၏အဘိုးသည် ၂၂–၅–၂၀၀၄ရက် (စနေနေ့) နံနက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအတိုင်း ခန္ဓာကိုယ်ကို လှူဒါန်းပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးစိုးနွယ် (လှည်းကူး)
လက်ထောက်ညွှန်ကြားရေးမှူး(သစ်တောဦးစီးဌာန)
လက်ထောက်ညွှန်ကြားရေးမှူး (လော်ကားဥယျာဉ်အုပ်ချုပ်ရေးမှူး)
(သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး)
(သစ်တောဦးစီးဌာန)
ဥက္ကဋ္ဌ၊သစ်တောရပ်ကွက်ဆွမ်းလောင်းအသင်း
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ သင်္ဂဟလမ်း၊ ၈၂/၈၈ နေ (ဦးဘသိန်း–ဒေါ်သန်းကြည်)တို့၏သား၊ ဦးအောင်ကြည်–ဒေါ်အေးကြည်တို့၏သားသမက်၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ သစ်တောဦးစီးဌာန၊ အရာရှိရိပ်သာ၊ အမှတ် ၂/ခ နေ ဒေါ်ချိုချိုအောင်(အထက–၃၊ ဒဂုံ)၏ခင်ပွန်း၊ မချိုနွယ်ဦး၊ မနှင်းနွယ်ဖြိုး (နဝမတန်း–က၊ အထက–၃၊ ဒဂုံ)၏ဖခင်ကြီးသည် ၂၄–၆–၂၀၀၄ရက် နံနက် ၁၀း၅၀နာရီတွင် နှင်းဆီကုန်း အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေးဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးနွယ် (လှည်းကူး)
လက်ထောက်ညွှန်ကြားရေးမှူး(သစ်တောဦးစီးဌာန)
လက်ထောက်ညွှန်ကြားရေးမှူး (လော်ကားဥယျာဉ်အုပ်ချုပ်ရေးမှူး)
(သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး)
(သစ်တောဦးစီးဌာန)
ဥက္ကဋ္ဌ၊သစ်တောရပ်ကွက်ဆွမ်းလောင်းအသင်း
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ သင်္ဂဟလမ်း၊ ၈၂/၈၈ နေ (ဦးဘသိန်း–ဒေါ်သန်းကြည်)တို့၏သား၊ ဦးကံညွန့်–ဒေါ်တင်ရီ၊ ဦးလှသွင်–ဒေါ်ခင်မာတို့၏ညီ/မောင်၊ ဦးသာအောင်–ဒေါ်ခင်ဝင်း၊ ဦးကျော်မြင့်ဆွေ–ဒေါ်ခင်ညို (စေတနာ သ/မ)၊ ဦးကျော်လွင်–ဒေါ်ခင်ချို၊ ဒေါ်ခင်စောမူတို့၏အစ်ကိုသည် ၂၄–၆–၂၀၀၄ရက် နံနက် ၁၀း၅၀ နာရီတွင် နှင်းဆီကုန်း အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု။

ရဟန်း၊ကျောင်း၊သိမ်၊ဇရပ်ဒါယကာ
ဦးလှထွန်း
(B.A, Myanmar)
ဦးစီးအရာရှိ(ငြိမ်း)
မြန်မာပိုင်းအစီအစဉ်၊မြန်မာ့အသံ
အသက်(၆၅)နှစ်

တောင်ငူ၊ အုတ်တွင်း၊ ဘုရားကလေးနေ (ဦးကျော်ဒင်–ဒေါ်သိန်းမေ)တို့၏သား၊ (ဦးပါတွတ်–ဒေါ်ဖွားညွန့်)တို့၏ သားသမက်၊ အင်းစိန်၊ ပိန္နဲကုန်း၊ သရက်ခြံ ၃ လမ်း၊ ၃၅၆(A)နေ (ဒေါ်အုန်းတင့်)၏ခင်ပွန်း၊ ဦးကိုကိုထွန်း(B.Sc, Geology)–ဒေါ်ခင်အေးမော်(B.A, Myanmar)၊ ဒေါ်ပပထွန်း(B.Sc, Physics)၊ ဒေါ်မိမိထွန်း(B.A, Myanmar Studies) – ဦးခင်ဇော်(ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မညီညီဝင်း၊ မသီရိကေသွယ် (V အထက–၂၊ အင်းစိန်)၊မအင်ကြင်းမြတ်ဆုတို့၏အဘိုးသည် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အင်းစိန်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဆရာဦးညွန့်ဟန် (ညွှန်/ချုပ်၊ ရှေးဟောင်းသုတေသန) ဆရာမ ဒေါ်မြင့်မြင့်အောင်တို့၏မိခင်ကြီး ဒေါ်စောကျင်(ဒါးက) အသက်(၈၈)နှစ်သည် ၁၉–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းစွာခံစားမိရပါကြောင်း။

လှဖေ–နုနုစိန်
(မြန်မာစာ၊ ၁၉၆၆)
ကံကြီးဒေါင့်၊မြောင်းမြ။

Yan Aung
ကားမျိုးစုံငှားနိုင်ပါသည်။
(၂၄–နာရီ)ဝန်ဆောင်မှု
☎ 256790, 380291
242967

အများသိစေရန်အကြောင်းကြားချက်

[illegible]

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဦးအပ္ပဒူမာလစ်(ခ)
ဦးမောင်သိန်း
ကျောင်းဆရာ(ငြိမ်း)
အသက်(၈၅)နှစ်

မော်လမြိုင်မြို့၊သီရိမြိုင်ရပ်၊ငန်းတေးလမ်း၊ အမှတ် ၁၆ နေ (ဒေါ်အာရှာဘီဘီ)၏ခင်ပွန်း၊ ဦးဟူစိန်–ဒေါ်ဟာဇရာဘီ၊ ဦးအီဆွတ်–ဒေါ်ရာမက်ဘီ၊ ဒေါ်မိုင်မူနာဘီ၊ ဟာဂျီဂိုလ်အာမက်–ဟာဂျီမဟာလီမာဘီ၊ ဒေါ်ရဟီမာဘီ၊ ဂျွန်မာဘီ၊ မိုဟာမက်ကာဆင်–ဗိုင်နပ်ဘီ၊ရာမက်ဘီတို့၏ဖခင်၊ မြေး ၂၄ ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘိုးသည် ၂၃–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀း၄၇ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) ဇဟိုရ်နမာဇ်အပြီး ရေဝေးကဘာရ်ဆန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးကျင်တိုး (ကျိုက်ထိုမြို့)
အသက်(၇၉)နှစ်

ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ(ဦးခွားနား–ဒေါ်နက်)တို့၏သား၊ (ဦးဘိန်ချမ်း–ဒေါ်ကျင်ကြည်)၊ (ဦးကျင်ဟုတ်)–ဒေါ်ကျင်ပို့တို့၏ညီ/မောင်၊ ဦးစိန်ဟုတ်–ဒေါ်ကျင်တီ၊ ဒေါ်ကျင်ရီ၊ (ဦးသိန်းနိုင်)–ဒေါ်ခင်စပယ်ဦး၊ ဦးစိုးကျော်–ဒေါ်နှင်းကြင်၊ ဒေါက်တာတင်ရှိန်–ဒေါ်စန်းသီယာ၊ ဦးတင်ထွတ်–ဒေါ်ယဉ်ဝင်းတို့၏အစ်ကိုသည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇း၀၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၆–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၁၂၊ မင်္ဂလာလမ်း(ရှောက်ပင်ခြံ)၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဦးတင်ထွတ်–ဒေါ်ယဉ်ဝင်းတို့၏ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ကျိုက်ထိုမြို့နယ်အသင်း
ဦးကျင်တိုး
အသက်(၇၉)နှစ်

ကျိုက်ထိုမြို့နယ်အသင်း ရာသက်ပန်အသင်းသားဖြစ်သူ ဦးကျင်တိုးသည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျိုက်ထိုမြို့နယ် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ [အမှတ် ၁၂၊ မင်္ဂလာလမ်း(ရှောက်ပင်ခြံ)၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။] အမှုဆောင်အဖွဲ့။

ဒုအရာခံဗိုလ်ဝင်းမောင်
တပ်မတော်–ရေ(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊(၂၀)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ် ၂၁၈ နေ ဒေါ်ခင်ကြီး၏ခင်ပွန်း၊ (အဘိဓမ္မာ ဆရာကြိုင်–ဒေါ်စံမေ)တို့၏သား၊ (ဦးမြဒင်–ဒေါ်အေးကြည်)တို့၏သားသမက်၊ ဦးမြသိန်း–ဒေါ်ရီတို့၏ညီ/မောင်၊ ကိုမြင့်စိုး–မရီရီမြင့် (မြန်မာ့အသေးစား ချေးငွေရုံးချုပ်)၊ မခင်ဝင်းမြင့်–ကိုကျော်ထက်၊ မခင်ဆွေဝင်း၊ မခင်သန်းဝင်း–ကိုမျိုးညွန့်၊ မခင်ဌေးဝင်း၊ ကိုအောင်စိုး (သတင်းတပ်ဖွဲ့)–မမြင့်မြင့်သန်း(ပြည်ထဲရေး)၊ မခင်စန်းဝင်း(ဒု–လဝကမှူး၊ သံဖြူဇရပ်)–ကိုစိုးနွယ်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့) နံနက် ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းသိန်းဝေ (မော်ဘီ)
(လူမှုဝန်ထမ်းဦးစီးဌာန)
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက် ၂၆၊ အခန်း ၄ နေ (ဦးသန်းဖေ)–ဒေါ်သန်းညွန့်တို့၏သမီး၊ ဦးခင့်ချစ်ဦး၊ ဒေါ်စန်းစန်းမြင့်၊ ဦးမောင်မောင်ဇော်၊ ဒေါ်ဝါဝါမြင့်(ကညန)၊ ဦးဝင်းနိုင်(စည်ပင်)–ဒေါ်နီလာအေး(စည်ပင်)တို့၏ အစ်မ/ညီမသည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုအောင်မိုးကြည်
Shine Laundry Service
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက် ၈၀၅၊ အခန်း ၁၀၁ နေ (ဦးဘကြည်)(ဗိုလ်ကြီး၊ ငြိမ်း၊ ပုတီးကုန်း)–ဒေါ်မြဟန်တို့၏သား၊ (ဦးသန်းညွန့်)–ဒေါ်မြမြ(ပုတီးကုန်း)တို့၏ သားသမက်၊ ဒေါ်ယုယုကြည် (အထက–၂၊ တာမွေ)၊ ဦးသက်ထွန်း (Myanmar Awba Group Co., Ltd.)–ဒေါ်ဥဥကြည်၊ ဦးမောင်မောင်ကြည်–ဒေါ်ခင်လှလှဝင်းတို့၏ ညီ/မောင်၊ မခင်စန်းလွင်(ခ)မသီတာ(Micasa Hotel Apartment)၏ခင်ပွန်း၊ မောင်အောင်ပြည့်စုံဖြိုး၏ဖခင်၊ တူ တူမ သုံးယောက်တို့၏ဦးလေးသည် ၂၅–၆–၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၁း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဘစိန်
တပ်မတော်(ငြိမ်း)
အသက်(၈၄)နှစ်

ထားဝယ်မြို့နေ (ဦးဘသာ–ဒေါ်ပု)တို့၏သားထွေး၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ထားဝယ်လမ်းနေ ဦးဘအေး၏ညီငယ်၊ ပဲခူးမြို့၊ အိမ်အမှတ် ၃၆၉၊ အောင်မြေသာရပ်ကွက်နေ ဒေါ်စေးရာညို၏ခင်ပွန်း၊ ဦးစောအောင်ကို – ဒေါ်မာသာရွှေဘာ၊ ဦးစောလှရွှေ (သစ်လုပ်ငန်းတာဝန်)၊ (ဒေါ်အမာကြည်)၊ စောထွန်းအောင်(ခ)ကိုဘူး၊ ကိုစိုးမြင့်အောင် – ဒေါ်စိန်မိ(ဗိုင်အမ်စီအေ)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရွှေပန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြွေ (ကျုံမငေးမြို့)
အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ပင်လုံဈေးမှတ်တိုင်၊ သခင်မြလမ်း၊ အမှတ် ၃–က နေ (ဦးပေါက်စီ)၏ဇနီး၊ ဦးသန်းဦး–ဒေါ်စန်းစန်းဝင်းတို့၏မိခင်သည် ၂၅–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ညွန့်ဆွေ
တပ်မတော်–ရေ(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊အမှတ် ၂၀/၃၀၄၊အနော်ရထာလမ်း၊ ရွှေပေါက်ကံမြို့နယ်နေ (ဦးဘိုးအေး–ဒေါ်မမလေး)တို့၏သား၊ ဒေါ်သိန်းသိန်း၏ခင်ပွန်း၊(ဦးစောမောင်–ဒေါ်ခင်တင့်)၊ (ဦးချစ်စိန်–ဒေါ်ခင်စိန်)၊ (ဒေါ်တင်ရီ)တို့၏မောင်၊ ဦးကျော်ညွန့်–ဒေါ်အုံးကြည်၊ ဒေါ်နုနု၊ (ဦးမောင်မောင်)၊ (ဦးသိန်းအောင်)တို့၏အစ်ကို၊ ဦးအေးကိုကို–ဒေါ်ခင်ခင်လှ၊ ဦးထွန်းကိုကို–ဒေါ်ဌေးဌေးဝင်း၊ ကိုဌေးကိုကို–ဒေါ်ဇင်မေဦး၊ ဦးသိန်းကိုကို–ဒေါ်ထားထားဝင့်၊ ဦးမင်းကိုကို (တပ်မတော်–ရေ)–ဒေါ်အောင်ရဲနွယ်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၅–၆–၂၀၀၄ရက် နံနက် ၃ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအေးသန့်(ခ)
ဦးမျိုးသန့် (မြိတ်)
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ် ၆၂ နေ(ဦးကျင်ရှိ)–ဒေါ်ကျင်တွာတို့၏မြေး၊ မြိတ်မြို့၊ တလိုင်းစုရပ်၊ပထမလမ်း၊အမှတ် ၄ နေ ဦးတာယု–ဒေါ်ဂင်လတ်တို့၏ ဒုတိယသား၊ မုံရွာမြို့၊ ကမ်းနားလမ်း၊ ရုံးကြီးရပ်(ရွှေဒင်္ဂါးမုန့်တိုက်)နေ ဦးလှမောင်–ဒေါ်နီနီတို့၏သားသမက်၊ မဇင်မာဝင်း၏ခင်ပွန်း၊မောင်ရဲဝင်းသန့်(ခ)ချမ်းချမ်း၏ဖခင်၊ ဦးရွှေဟုတ်–ဒေါ်အင်ငယ်၊ ဦးကြီးဟင်၊ ဒေါ်စန်းစန်း၊ ဦးရန်ငယ်–ဒေါ်ဝါကြည်၊ ဦးထိပ်နီ–ဒေါ်ယုံယုံ၊ ဦးခွေးနီ–အမိ၊ ဦးဖြူငယ်–ဒေါ်ဝါဝါကြည်၊ ဦးမျိုးဇော်–ဒေါ်နှင်းနွယ်တို့၏တူ၊ ဦးအောင်မျိုး–ဒေါ်ချိုချိုယု၊(ဦးအေးလွင်)–ဒေါ်ယုယုလွင်တို့၏ ညီ/မောင်၊ ဦးနီငယ်–ဒေါ်မွန်မွန်သီ၊ မောင်အောင်ကျော်ဦး၊ မောင်သန်းဇော်ဦး၊ မချိုချိုခိုင်တို့၏အစ်ကို၊ တူ တူမ ၁၁ ယောက်တို့၏ဦးလေးသည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားပါ၍ ၂၆–၆–၂၀၀၄ရက် (စနေနေ့)ညနေ ၃ နာရီတွင် မြိတ်မြို့၊ တလိုင်းစုရပ်၊ အမှတ် ၃၊ ဗိုလ်ချုပ်လမ်းနေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးသင်းဟို (မြိတ်မြို့)
အသက်(၉၂)နှစ်

မြိတ်မြို့၊ ကန်ဖျားလမ်းမကြီးနေ (ဦးပေးယား–ဒေါ်ဖွားမေ)တို့၏သား၊ ဦးစောဖေ–(ဒေါ်ကျင်မြိုင်)တို့၏ မောင်၊ (ဦးထက်ရွှေ)–ဒေါ်ကြည်ဝါ၊ (ဦးထွန်းဝေ)–ဒေါ်စိန်စိန်၊ (ဦးစွမ်းကြည်–ဒေါ်အင်ညာ)တို့၏အစ်ကို၊ (ဒေါ်ကြင်ဝီ)၏ခင်ပွန်း၊ ဦးအေးဟို၊ ဒေါ်သန်းဆွေ၊ ဦးရွှေဟို–ဒေါ်အင်ကြူ၊ ဦးဘွန်တိတ်–ဒေါ်သန်းယု၊ ဦးဦးကြည်–ဒေါ်နန်းစိန်ဦး၊ ဦးကျော်ဆွေ–ဒေါ်ဖွားရှင်၊ ဒေါ်စန်းစန်းဝေ၊ ဦးအောင်ထွန်း–ဒေါ်သန်းသန်းနု၊ ဦးစိုးဝင်း–ဒေါ်မြင့်မြင့်အေးတို့၏ဖခင်၊ မြေး ၂၅ ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုးသည် ၂၃–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစိန်ထွန်း
မြို့နယ်လဝကဦးစီးမှူး(ငြိမ်း)
အထက်တန်းရှေ့နေ
(စစ်တွေမြို့)
အသက်(၈၀)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ တောင်ဌာနာလမ်းနေ (ဦးရွှေထွန်းအောင်–ဒေါ်မခင်)တို့၏သား၊ (ဦးချင်းဒေါင်း– ဒေါ်မင်းမ)တို့၏သားသမက်၊ ဒေါ်စောညွန့်၏ခင်ပွန်း၊ ဒေါ်ခင်စောရွှေ (သတင်းစာကိုယ်စားလှယ်)–ဦးမောင်သာညို (လဝက၊ ငြိမ်း)၊ ဦးစံရွှေမောင် (တရားရုံး၊ မောင်တော)–(ဒေါ်နုမေ၊ ကျန်းမာရေးမှူး)၊ ဒေါ်ခင်စောဝင်း(သားဖွားဆရာမ)–ဦးစံသိန်း(မွေး/ကု၊ ငြိမ်း)၊ ဒေါ်စံဝင့်ဖြူ (အထက ကျောင်းအုပ်၊ ငပလီ)–(ဦးဝင်းမောင်၊ ဆသရ)၊ ဒေါ်စံဝင့်ခိုင် (အလပြ၊အထက–၂၊စစ်တွေ)–ဦးတင်စိန်(မြို့/ရွာပြည်တွင်းရေကြောင်း၊ ပုဏ္ဏားကျွန်း)၊ ဒေါ်ချိုချို–ဦးအောင်ကျော်ထွန်း (အင်ကြင်းမြိုင် လက်ဖက်)၊ ဦးအောင်ကျော်စိန်(ကျော်ထက် ရောင်းဝယ်ရေး)–ဒေါ်မြမြထွေး၊ ဒေါ်သာနုအေး (ငယ်/ယာ ၂၊ ရခိုင်ပြည်နယ်စည်ပင်)–ဒုရဲအုပ်အောင်ရွှေသိန်း (နစက၊ မောင်တော)တို့၏ဖခင်၊ မြေး ၁၈ ယောက်တို့၏အဘိုးရှင်သည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၈း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅–၆–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်အေး
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံအနောက် ၃ လမ်း၊ အမှတ် ၁၀၉၈ နေ ကိုထွန်းဦး–မအေးအေးမော်(ကားဝပ်ရှော့)၊ ကိုအုန်းကို–မလှလှကြိုင်၊ ကိုအေးချို–မညွန့်စိန်၊ မောင်ကျော်နိုင်၊မခင်အေးမြင့်တို့၏ဖခင်၊ (ဒေါ်အုံးသွင်)၏ခင်ပွန်း၊မြေးလေးယောက်တို့၏အဘိုးသည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆–၆–၂၀၀၄ရက်(စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာအောင်မိုး
ဆမ/၃၇၆၄
(မြို့နယ်ဆရာဝန်၊အင်းတော်မြို့)
အသက်(၅၉)နှစ်

မကွေးတိုင်း၊ အထက်မင်းလှ၊ မြစ်နားသာစည်ကျေးရွာနေ(ဦးတင့်–ဒေါ်စပယ်)တို့၏သား၊ မကွေးမြို့နေ ဦးအောင်စိုး(ဦးစီးမှူး၊ တိုင်းစာရင်းရုံး၊ ငြိမ်း)၏ညီ၊ ဦးမှတ်–ဒေါ်ခင်ကြည်၊ ဒေါ်မြကြည် (မြို့နယ်စာရင်းစစ်၊ မကွေး)တို့၏မောင်၊ (ဒေါ်ကြည်အေး)၏အစ်ကို၊ ကိုမိုးကျော်စိုး–မစိမ်းစိမ်းလတ်၊မမိုးသဲဖြူ(ကထိက၊ နည်းပညာကောလိပ်၊ပြည်)၊ကိုငြိမ်းချမ်းတင့်–မဝေလွင်လွင်ခိုင်(ထွန်းဖောင်ဒေးရှင်းဘဏ်၊ ရေနံချောင်း)၊ မချောအိစံ၊ ကိုမိုးဝင်းတင့်၊ ကိုဇော်ထက်ကျော်တို့၏ဖခင်၊ မချမ်းမြေ့လင်းလက်၊ မထက်ထက်ဦးဝေတို့၏အစ်ဘိုး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်၊ ၂၂ x ၂၆လမ်းကြား၊ မြောင်းဘောင်လမ်း၊ မြခွာညိုခြံနေ ဒေါ်တုတ်တုတ်၏ခင်ပွန်းသည် ၂၅–၆–၂၀၀၄ရက် မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ကြာနီကန်သုသာန်သို့ပို့ဆောင်သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ မဟိန္ဒ
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၄၃)ဝါ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)ရပ်ကွက်၊ သံဃနာယကဥက္ကဋ္ဌ မြို့နယ်ဝိနည်းဓိုရ် ရွှေမြင်တင်မြတ်စွာဘုရား ကမ္မကာရကအဖွဲ့ ပညာဒိက မဟိန္ဒာရာမမိုးညိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဟိန္ဒသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက် (၂၃–၆–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (ဈာပနရက်ကိုထပ်မံကြေညာပါမည်။) တပည့်ဒါယကာ၊ဒါယိကာမများ။

ဖွားရှင်ဘုတ်(ခ)ဖွားရှင်မွေး
(ပရည်တောင်ရွာ၊ မြိတ်မြို့)
အသက်(၁၀၀)

မြိတ်မြို့၊ကန်ဖျားရပ်၊ရဲသိပ္ပံလမ်းနေ ဖိုးလွဲ၏ဇနီး၊ ဦးလွယ်တင်–ဒေါ်ခင်ညာ၊ ဦးဘွန်ရွှေ–ဒေါ်ဝင်းကြည်၊ ဦးအုန်းမြင့်–ဒေါ်ခင်စု၊ ဦးသန်းကြွယ်–ဒေါ်တီဝါ၊ ဒေါ်မြညွန့်တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့) နံနက် ၈း၅၀ နာရီတွင်ကွယ်လွန် သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးကျော်စိုး
(သံလွင်စတိုး၊သံလွင်အမြန်ယာဉ်)
ကန်ထရိုက်တာ
အသက်(၇၂)နှစ်

ပဲခူးတိုင်း၊ဒိုက်ဦးမြို့နယ်၊ပေါက်တပင်ကျေးရွာနေ (ဦးဉာဏ်–ဒေါ်စောမြ)တို့၏သား၊ အမှတ် ၇၁၊ သုနန္ဒာလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်စီ၏ခင်ပွန်း၊ ပဲခူးတိုင်း၊ပေါက်တပင်ကျေးရွာနေ ဦးရီ၏ညီ၊ ဖောင်တော်သီမြို့နေ(ဦးကျော်သိန်း)–ဒေါ်အေးမြိုင်၊ ရန်ကုန်မြို့နေ ဦးသန်းညွန့်၊ ဦးကျင်သန်းတို့၏ညီ၊ ပေါက်တပင်ရွာနေ ဦးမြသန်း–ဒေါ်ပုံတို့၏အစ်ကို၊ ကိုအောင်ရွှေ–မအေးသန်း၊ ကိုမြဌေးအောင်–မသန်းသန်းခိုင်၊ကိုကြီးမြင့်–မဝင်းဝင်းခိုင်၊ကိုစန်းလွင်–မထွေးသိန်း၊ ကိုအောင်အောင်–မတူးတူး၊ ကိုသိန်းဝင်း–မတင်တင်လှိုင်၊ ကိုသိန်းဇော်လင်း – မသီတာဝင်းတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်မောင်(ခ)
ဦးကစွနား (မုံရွာ)
အသက်(၆၆)နှစ်

မန္တလေးမြို့၊ ကျွဲဆည်ကန်၊ ပွဲရုံတန်း၊ အဆောင် ၂၊ အခန်း ၂ နေ ကိုအောင်မြင့်ဦး–မနီနီမာ၊ကိုအောင်ကျော်ဦး–မသီတာလွင်၊ ကိုဝင်းနိုင်–မသီတာကြည်၊ ကိုရာဂျစ်–မလဲ့လဲ့ဝင်း၊ မနီလာကြည်၊ မယုယုဝင်း၊ မောင်အောင်ကျော်မိုး၊ မောင်အောင်နိုင်ဝင်း၊ မစုစုမွန်တို့၏ဖခင်၊ ဒေါ်ရန်ဂမား(ခ)ဒေါ်လှမေ၏ခင်ပွန်း၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၅–၆–၂၀၀၄ရက်(သောကြာနေ့)နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်အောင်ကြည်မျိုး
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၄၅/၁၀၁၃၊ မနော်ဟရီလမ်းနေ အရာခံဗိုလ်စိုးအောင်–ဒေါ်ဝေ(ခ)ဒေါ်မြင့်မြင့်ကြည်တို့၏သားထွေး၊ မောင်သန်းဦး–မနိုင်နိုင်(ခ)မနှင်းနွယ်စိုး၊မောင်အောင်ကြည်စိုး–မဝင်းဝင်းတို့၏ ညီ/မောင်၊ မအေးအေးသွယ်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး တင်ဝင်း (ငြိမ်း) ကပရ–ဒေါ်တင်တင်စိုးလှိုင်၊ တကက တင့်လွင်(မတယ) – ဒေါ်ကြည်ကြည်သန်း၊ တကချိုဝင်း – ဒေါ်လှလှမြင့်၊ ကိုအောင်မြင့်(ခ)ချိုကြီး – မလှလှရီ၊ ဒုတကမြင့်ရည်(မတယ)–မထွေးထွေးမြင့်တို့၏တူ၊ မဝင့်သဲဦး(ခ)သဲသဲ၏ဦးလေးသည် ၂၅–၆–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၆–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်
(အင်းစိန်၊ ဘီးလင်း)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၀၂၊ နံ့သာကုန်းရိပ်သာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ ရဲဝင်း၊ အင်းစိန်မြို့နယ်နေ(ဦးပါ)၏ဇနီး၊ ဦးထွန်းပ–ဒေါ်လှလှညွန့်၊ (ဦးငွေစိုး)–ဒေါ်အယ်မာထွန်းတို့၏မိခင်၊ ဒေါက်တာမြင့်နိုင်–မလှလှထွန်း၊ မလင်းလင်းထွေးတို့၏အဘွား၊ မောင်စည်သူအောင်၊ မောင်ဟိန်းထက်နိုင်၊ မနှင်းမြတ်နိုးတို့၏ဘွားဘွားကြီးသည် ၂၄–၆–၂၀၀၄ရက် နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးစိန်ထွန်း
မြို့နယ်လဝကဦးစီးမှူး(ငြိမ်း)
အထက်တန်းရှေ့နေ
(စစ်တွေမြို့)
အသက်(၈၀)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ တောင်ဖွာနာလမ်းနေ(ဦးရွှေထွန်းအောင်–ဒေါ်မခင်)တို့၏သား၊ (ဦးချင်းဒေါင်း–ဒေါ်မင်းမ)တို့၏သားသမက်၊ ဒေါ်စောညွန့်၏ခင်ပွန်း၊ ဒေါက်တာတင်မိုးဝေ (ပလက်ဝဆေးရုံ)၊ မောင်ဇော်ဦး၊ မခင်မာဝေ(ကြီး/ရေးစီးဘဏ်)၊ (ကိုမျိုးထွန်းလင်း)၊ မလှမိုးဝေ(လ/ထ လဝကမှူး)၊ မဝင်းဝင်းသိန်း(Admin Asitaint BAJ)၊ကျော်စိုးလင်း(A/B Pothitos Shipping Co.,)၊ နုမြစံ(B.Agri. Sc)၊ ဇော်နိုင်ဦး(ဒုနစ်၊ ရူပဗေဒ)၊ စောအောင်သိန်း(BC. Tech)၊ ကျော်မျိုးလင်း(ITC)၊ ထွန်းထွန်းကျော်(ဒုနစ်၊ ရူပဗေဒ)၊ အေးခိုင်စံ(3^{rd} MB၊ မကွေးဆေးတက္ကသိုလ်)၊ မောင်ကောင်းထက်ဖြိုး (ဒုနစ်၊ စစ်တက္ကသိုလ်)၊ ချမ်းငြိမ်းစံ၊ ဆုလှိုင်သွေ (၁၀တန်း၊ အထက–၂)၊ ဝင်းယုယုအောင်၊ထက်မြက်အောင်တို့၏ အဘိုးရှင်သည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၈း၂၅ နာရီတွင်ကွယ်လွန်သွားပါဖြင့် ၂၅–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမြေးတစ်စု။

ဦးစိုးနွယ် (လှည်းကူး)
လက်ထောက်ညွှန်ကြားရေးမှူး
(သစ်တောဦးစီးဌာန)
လက်ထောက်ညွှန်ကြားရေးမှူး
(လော်ကားဥယျာဉ်အုပ်ချုပ်ရေးမှူး)
(သဘာဝဝန်းကျင်နှင့်
သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး)
(သစ်တောဦးစီးဌာန)
ဥက္ကဋ္ဌ၊သစ်တောရပ်ကွက်
ဆွမ်းလောင်းအသင်း
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ သင်္ဂဟလမ်း၊ ၈၂/၈၈ နေ(ဦးဘသိန်း–ဒေါ်သန်းကြည်)တို့၏သား၊အလုံမြို့နယ်၊သစ်တောရပ်ကွက်၊ သစ်တောဦးစီးဌာန၊ အရာရှိရိပ်သာ၊ အမှတ် ၂/ခ နေ ဒေါ်ချိုချိုအောင် (အထက–၃၊ ဒဂုံ)၏ ခင်ပွန်း၊ ကိုအေးသန်း–မဝါဝါခင်၊ ကိုဇော်ထွန်းဦး–မသန်းသန်းဌေး၊ ဗိုလ်မှူးအောင်ဝင်းထူး–မညီညီခင်၊ ကိုအောင်ကိုကို–မခင်မာချို၊ ကိုကျော်စွာစိုး – မဖြူဖြူခင်၊ ကိုသူရ–မခင်ပုလဲဇာရူ၊ ကိုအောင်မြတ်သူ–မအေးမြတ်စု၊ ကိုသန်းတင့်–မသူသူခင်၊ မမို့မို့ခင်၊ မမွန်ရည်ဆွေ၊ ကိုအောင်မင်းသူ–မဖြူသဲလွင်၊ ကိုအောင်ဆန်းလင်း၊ မောင်ဝေယံမင်းအောင်၊ မောင်ထက်မြတ်လင်းတို့၏ဦးလေး၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၂၄–၆–၂၀၀၄ရက် နံနက် ၁၀း၅၀ နာရီတွင် နှင်းဆီကုန်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေးဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူ တူ၊တူမများ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်စိမ်းကျောက်မျက်အထူးရောင်းချပွဲအကြိုခင်းကျင်းမှုစစ်ဆေး

ရန်ကုန် ဇွန် ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့ညနေ ၃ နာရီတွင် ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသသည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ရောက်ရှိရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် **စာမျက်နှာ ၆ ကော်လံ ၄** ✳

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ကျောက်မျက် အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသသည့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်အရိုင်း၊ အထည်ကျောက် အရိုင်းနှင့် အသားကျောက်အရိုင်းတုံးများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



၂၀၀၄ခုနှစ် ကျောက်စိမ်း၊ကျောက်မျက် အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသသည့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမအဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်အရိုင်း၊ အထည်ကျောက်အရိုင်းနှင့် အသားကျောက်အရိုင်းတုံးများကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ဒုံးပျံလေယာဉ် စပေ့စ်ရှစ်ပ်ဝမ်း

စပေ့စ်ရှစ်ပ်ဝမ်းဒုံးပျံလေယာဉ်(**အောက်ပုံ**)သည် ကာလီဖိုးနီးယားပြည်နယ် မိုဂျေ့ဗ်လေဆိပ်သို့ ပြန်မဆင်းသက်မီ ကမ္ဘာ့လေထုလွှာကို ကျော်လွန်ကာ ၆၂မိုင် (ကီလိုမီတာ၁၀၀)အမြင့်သို့ ရောက်ရှိခဲ့သည်။ ၎င်းနှင့်အတူ လေယာဉ်မှူး မိုက်ကယ်ဒဗလျူမဲလ်ဗီလ် လိုက်ပါခဲ့သည်။ **(အင်တာနက်)**



ခြောက်မီတာကျော်ရှည်သည့်ဆံပင်ပိုင်ရှင်

အသက် ၆၇နှစ်အရွယ်ရှိ ဗီယက်နမ်အမျိုးသား ထရွမ်ဗင်ဟေးဆိုသူ(**အပေါ်ပုံ**)သည် ဗီယက်နမ်ဂင်းနစ်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းဝင်ထားပြီး ၎င်းသည် မကြာမီ ကမ္ဘာ့ဂင်းနစ်မှတ်တမ်းဝင်မည်ဟု မျှော်လင့်ထားသည်။ အဘယ်ကြောင့်ဆိုသော် ဗီယက်နမ်နိုင်ငံတွင် ၆ဒသမ၂မီတာ ရှည်လျားသည့် အရှည်ဆုံး ဆံပင်ကို ပိုင်ဆိုင်ထားခြင်းကြောင့်ဖြစ်သည်။

၎င်းသည် ထိုဆံပင်အရှည်ရအောင် ဆံပင်မဖြတ်ဘဲ ၃၁နှစ်ကြာအောင် နေခဲ့ရသည်။ **(အင်တာနက်)**

နိုင်ငံ့ဂုဏ်ဆောင်ကာယဗလမောင်များ အရှေ့တောင်အာရှကာယဗလပြိုင်ပွဲတွင်အောင်ပွဲဆင်နိုင်ခဲ့

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၅

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလမောင်ပြိုင်ပွဲတွင် မြန်မာက ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် အသင်းလိုက်တတိယဆုရရှိသည်။ ပထမဆုကို အတန်းစေ့ပါဝင်ယှဉ်ပြိုင်သွားသည့် စင်ကာပူအသင်းက ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဖြင့်လည်းကောင်း၊ ဒုတိယဆုကိုဗီယက်နမ်က ရွှေနှစ်ခု၊ ငွေလေးခု၊ ကြေးတစ်ခုဖြင့် လည်းကောင်းအသီးသီးရရှိကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၅** ❐

၈၅ ကီလိုတန်း ရွှေတံဆိပ်နှင့် အကောင်းဆုံးကာယဗလ အားကစားသမားဆု(Best Body Builder)နှင့်(2004 Mr.Bali) မစ္စတာဘာလီဆုရ မင်းဇော်ဦး။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ကီလို ၇၀ တန်း ငွေတံဆိပ်ရှင် အောင်ခိုင်ဝင်း (မြို့တော်စည်ပင်)။

ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

၅၅ ကီလိုတန်း ရွှေတံဆိပ်ရှင် ဇော်ဝမ်း (မြို့တော်စည်ပင်)။

ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

အဝါရောင်ဆွဲဒင်ကို လိမ္မော်ရောင်ဟော်လန်က လွှမ်းသွားမလား မန်ယူနစ္စတယ်ရှိုင်းနှင့်အာဆင်နယ်ယှဉ်နှင်းဘတ်တို့ ဆိုကြလေပြီ

ကွာတား ဖိုင်နယ် ပွဲစဉ် သုံးသပ်ချက်

ကိုထွေး – သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၂၅

ယူရို ၂၀၀၄ဘောလုံးပြိုင်ပွဲကြီး ဇာတ်ရှိန်မြင့်လာပြီဖြစ်ရာ မကြာမီ ဇာတ်ရည်လည်တော့မည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်(၁)၌ အိမ်ရှင်ပေါ်တူဂီအသင်းက အင်္ဂလန်အသင်းကို ပယ်နယ်တီဖြင့် အနိုင်ယူပြီး အကြိုဗိုလ်လုပွဲတက်ရောက်သွားသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁** ●